# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# စတုတ္ထပုံမှန်အစည်းအဝေး
# (၁၃) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (၁၃) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း- | ၄ |
| ၆ | (က) ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်၏ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တွင် လှော်ကားလမ်းမကြီးကို အကျယ် (၄၈)ပေရှိ ၄ လမ်း သွား ကားလမ်းမကြီးအဖြစ် တိုးချဲ့ ပေးပါရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၄ |
| ၇ | (ခ) ဦးဦးထွန်းမောင်၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်၏ ပုဏ္ဏားကျွန်းမြို့၊ ပြည်ထောင်စုလမ်းမကြီး၊ မြို့အဝင်မှ မြို့အထွက်ထိ ပျက်စီးနေသော ကတ္တရာလမ်းအရှည် (၁)မိုင်၊ အကျယ် (၁၈)ပေကို ကွန်ကရစ်လမ်း အရှည် (၁)မိုင်၊ အကျယ်(၂၂)ပေလမ်းဖြစ်အောင်၊ တစ်ဖက်(၂)ပေစီ တိုးချဲ့ခင်းပေးရန်နှင့် မြို့တွင်းဖြစ်၍ လူသွားလမ်း၊ ပလက်ဖောင်း တစ်ဖက် (၄) ပေစီ တိုးချဲ့ ပြုလုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၈ | (ဂ) ဦးတင်ကိုကိုဦး၊ ဘီးလင်း မဲဆန္ဒနယ်၏ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းနှင့် ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီ လီမိတက်တို့အကြား ချုပ်ဆိုသည့် ရန်ကုန်-မြိတ်လမ်း၏ ကျိုက်ထို- သထုံ-မော်လမြိုင် အပိုင်းကို ပြုပြင်ဖောက်လုပ်ရေးနှင့် လွှဲပြောင်းပေးရေး ပဋိညာဉ် စာချုပ်ပါအတိုင်း လမ်းအသုံးပြုခကောက်ခံရေးဂိတ်ကို ရွှေ့ပြောင်း ကောက်ခံ ပေးရန် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၁ |

(ဃ) ဦးအောင်ကျော်ကျော်ဦး၊ လှိုင် မဲဆန္ဒနယ်၏ လှိုင်မြို့နယ်၊ အမှတ်
(၂)နှင့် အမှတ်(၃) ရပ်ကွက်ရှိ မီးလောင်မြေ ပြန်လည် စည်ပင်ရေး စီမံချက်
၉ အရ တည်ဆောက်ခဲ့သော အဆောက်အဦများသည် အန္တရာယ်ရှိ အဆောက် ၁၅
အအုံအဖြစ် သတ်မှတ်ခံထားရ၍ အမြန်ဆုံး ပြန်လည် တည်ဆောက်ရန်
အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

(င) ဦးကျော်မင်း၊ လက်ပံတန်း မဲဆန္ဒနယ်၏ လက်ပံတန်းမြို့နယ်နှင့်
မင်းလှမြို့နယ်သို့ ဆက်သွယ်ထားသည့် အရှည်(၇)မိုင် ရှိသော
၁၀ တောင်ကြို့ကုန်းလမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းအဖြစ် မူလ ၁၉
ကတ္တရာလမ်း အဆင့်သို့ တိုးမြှင့်ပေးနိုင်ခြင်း ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့်
မေးခွန်း

(စ) ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ ရှမ်းပြည်နယ်
တောင်ပိုင်း၊ (ဆိုက်ခေါင်-ပွန်ချောင်း-မောက်မယ်) လမ်းပိုင်းမှ အဆင့်မြှင့်
၁၁ တင်ရန် ကျန်ရှိသော (ပွန်ချောင်း- ဆိုက်ခေါင်)အပိုင်းအား ၂၀၁၇-၂၀၁၈
ဘဏ္ဍာရေးနှစ်တွင် မည်သည့်အဆင့်ထိ မြှင့်တင်ဆောင်ရွက် ပေးမည်နှင့် ၂၂
မည်သည့် ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းပိုင်း အဆင့်ထိ ဆောင်ရွက်
ပေးနိုင်မည်ကို သိလိုခြင်း နှင့်စပ်လျဉ်းသည့်မေးခွန်း

(ဆ) ဒေါက်တာဦးသန်းဝင်း၊ မြောက်ဥက္ကလာပ မဲဆန္ဒနယ်၏
မြောက်ဥက္ကလာပ မြို့နယ်သို့ အဓိကဝင်ရောက်ရာ ခုံးကျော်တံတားကို ပါရမီ
၁၂ ခုံးကျော် တံတားကဲ့သို့ ခိုင်ခံ့ကောင်းမွန် ပြေပြစ်သော တံတားအသစ် ၂၅
တစ်စင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

(ဇ) ဦးမိုးရွှေ၊ ပူတာအို မဲဆန္ဒနယ်၏ ပူတာအိုခရိုင်အတွင်းရှိ ပြည်ထောင်စု
လမ်းဖြစ်သော မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို မော်တော်ကားလမ်း
၁၃ (၂၁၈)မိုင်အား ယာဉ်ကြီး၊ ယာဉ်ငယ်များ ရာသီမရွေးသွားလာနိုင်ရန်
တည်ဆောက်ပေးနိုင်ရေး အစီအစဉ်ရှိ၊ မရှိနှင့် မိုင်တိုင် ၉၂/၀ မှ ၁၆၁/၀ ၃၁
ကြားရှိ အဆိုးဆုံး ရွှံ့ဗွက်တန်းကို မည်သည့် စီမံကိန်းမျိုးဖြင့် ဆောင်ရွက်
ပေးမည်ကို သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း

ဦးသန်းစိုးအောင်၊ ပျဉ်းမနား မဲဆန္ဒနယ်က "ဆောက်လုပ်ရေးဝန်ကြီးဌာနမှ
ရေးဆွဲထုတ်ပြန်ထားသော ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်
ရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်အား ပြည်ထောင်စု
၁၄ ဝန်ကြီးဌာန အားလုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ အားလုံး၊ ၃၂
ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသဦးစီး
အဖွဲ့ အားလုံး လိုက်နာကျင့်သုံးကြပါရန် ပြည်ထောင်စု အစိုးရအား
တိုက်တွန်းကြောင်း" အဆို တင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့်မသင့်

အဆုံးအဖြတ်ရယူခြင်း

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၃)ရက်
၁၅ မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၄)ရက်မြောက်နေ့ ၄၀
ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး**

**(၁၃)ရက်မြောက်နေ့ အစီအစဉ်**

**[ ၂၃–၂–၂၀၁၇ ] (ကြာသပတေးနေ့) နံနက် ၁၀၃၀ နာရီ**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်၏ **ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တွင် လှော်ကားလမ်းမကြီးကို အကျယ် (၄၈)ပေရှိ ၄ လမ်းသွား ကားလမ်းမကြီးအဖြစ် တိုးချဲ့ ပေးပါရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဦးထွန်းမောင်၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်၏ **ပုဏ္ဏားကျွန်းမြို့၊ ပြည်ထောင်စုလမ်းမကြီး၊ မြို့အဝင်မှ မြို့အထွက်ထိ ပျက်စီးနေသော ကတ္တရာလမ်းအရှည် (၁)မိုင်၊ အကျယ် (၁၈)ပေကို ကွန်ကရစ်လမ်း အရှည် (၁)မိုင်၊ အကျယ်(၂၂)ပေလမ်းဖြစ်အောင်၊ တစ်ဖက်(၂)ပေစီ တိုးချဲ့ခင်းပေးရန်နှင့် မြို့တွင်းဖြစ်၍ လူသွားလမ်း၊ ပလက်ဖောင်း တစ်ဖက် (၄) ပေစီ တိုးချဲ့ ပြုလုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးတင်ကိုကိုဦး၊ ဘီးလင်း မဲဆန္ဒနယ်၏ **ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်တို့အကြား ချုပ်ဆိုသည့် ရန်ကုန်–မြိတ်လမ်း၏ ကျိုက်ထို–သထုံ–မော်လမြိုင်အပိုင်းကို ပြုပြင်ဖောက်လုပ်ရေးနှင့် လွှဲပြောင်းပေးရေး ပဋိညာဉ်စာချုပ်ပါအတိုင်း လမ်းအသုံးပြုခကောက်ခံရေးဂိတ်ကို ရွှေ့ပြောင်းကောက်ခံပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအောင်ကျော်ကျော်ဦး၊ လှိုင် မဲဆန္ဒနယ်၏ **လှိုင်မြို့နယ်၊ အမှတ်(၂)နှင့် အမှတ်(၃) ရပ်ကွက်ရှိ မီးလောင်မြေ ပြန်လည် စည်ပင်ရေး စီမံချက်အရ တည်ဆောက်ခဲ့သော အဆောက်အဦများသည် အန္တရာယ်ရှိ အဆောက်အအုံအဖြစ် သတ်မှတ်ခံထားရ၍ အမြန်ဆုံး ပြန်လည် တည်ဆောက်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးကျော်မင်း၊ လက်ပံတန်း မဲဆန္ဒနယ်၏ **လက်ပံတန်းမြို့နယ်နှင့် မင်းလှမြို့နယ်သို့ ဆက်သွယ်ထားသည့် အရှည်(၇)မိုင်ရှိသော တောင်ကြို့ကုန်းလမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်း အဖြစ် မူလကတ္တရာလမ်း အဆင့်သို့ တိုးမြှင့်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **ရှမ်းပြည်နယ်တောင်ပိုင်း၊ (ဆိုက်ခေါင်–ပွန်ချောင်း–မောက်မယ်) လမ်းပိုင်းမှ အဆင့်မြှင့်တင်ရန် ကျန်ရှိသော (ပွန်ချောင်း– ဆိုက်ခေါင်)အပိုင်းအား ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မည်သည့်အဆင့်ထိ မြှင့်တင်ဆောင်ရွက်ပေးမည်နှင့် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းပိုင်း အဆင့်ထိ ဆောင်ရွက်ပေးနိုင်မည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဒေါက်တာဦးသန်းဝင်း၊ မြောက်ဥက္ကလာပ မဲဆန္ဒနယ်၏ **မြောက်ဥက္ကလာပ မြို့နယ်သို့ အဝိကဝင်ရောက်ရာ ခုံးကျော်တံတားကို ပါရမီခုံးကျော်တံတားကဲ့သို့ ခိုင်ခံ့ကောင်းမွန် ပြေပြစ်သော တံတားအသစ် တစ်စင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးမိုးရွှေ၊ ပူတာအို မဲဆန္ဒနယ်၏ **ပူတာအိုခရိုင်အတွင်းရှိ ပြည်ထောင်စုလမ်းဖြစ်သော မြစ်ကြီးနား–ဆွမ်ပရာဘွမ်–ပူတာအို မော်တော်ကားလမ်း (၂၁၈)မိုင်အား ယာဉ်ကြီး၊ ယာဉ်ငယ်များ ရာသီမရွေးသွားလာနိုင်ရန် တည်ဆောက်ပေးနိုင်ရေး အစီအစဉ်ရှိ၊ မရှိနှင့် မိုင်တိုင် ၉၂/၀ မှ ၁၆၁/၀ ကြားရှိ အဆိုးဆုံး ရွံ့ဗွက်တန်းကို မည်သည့် စီမံကိန်းမျိုးဖြင့် ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးသန်းစိုးအောင်၊ ပျဉ်းမနား မဲဆန္ဒနယ်က **"ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရေးဆွဲထုတ်ပြန်ထားသော ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်အား ပြည်ထောင်စုဝန်ကြီးဌာနအားလုံး၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ အားလုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အားလုံး လိုက်နာကျင့်သုံးကြပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# (၁၃)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်
## (၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို နံနက် ၁း၃၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၃၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၈၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၃၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါ်နန်းထွေးသူ(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အဖွဲ့ဝင် ကျွန်မ ဒေါ်နန်းထွေးသူ၊ ဖားဆောင်းမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါ တယ်ရှင်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၅ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၈ ဦးရှိပါတယ်ရှင်။ ခွင့်ပန်ကြား သူများကတော့-

(၁) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောတင်ဝင်း ခွင့် ၁ ရက်၊

(၂) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၂ ရက်၊

(၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်တောက်ထွန်း ခွင့် ၁ ရက်၊

(၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊

(၅) ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင် ခွင့် ၁ ရက်၊

(၆) ကျိုက်မရောမဲဆန္ဒနယ်မှ ဦးစောကျော်ဝင်းမောင် ခွင့် ၁ ရက်၊

(၇) မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင် ခွင့် ၁ ရက်၊

(၈) ရမ်းပြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ ခွင့် ၁ ရက်၊

(၉) ကံမမဲဆန္ဒနယ်မှ ဦးစိန်ဟန် ခွင့် ၁ ရက်၊

(၁၀) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့် ခွင့် ၁ ရက်၊

(၁၁) ဓနုဖြူမဲဆန္ဒနယ်မှ ဦးတင်လှ ခွင့် ၁ ရက်၊

(၁၂) ဟင်္သာတမဲဆန္ဒနယ်မှ ဦးခင်မောင်ရီ ခွင့် ၁ ရက်၊

(၁၃) မှော်ဘီမဲဆန္ဒနယ်မှ ဦးအောင်ဝင်း ခွင့် ၂ ရက်၊

(၁၄) လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန် ခွင့် ၂ ရက်၊

(၁၅) မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း ခွင့် ၁၇ ရက်၊

(၁၆) ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျန်း ခွင့် ၉ ရက်၊

(၁၇) ဖလမ်းမဲဆန္ဒနယ်မှ ဒေါက်တာဆလိုင်းရီယန်းဗဲလ်(ခ)ဆလိုင်းရန်းဗယ် ခွင့် ၁ ရက်နှင့်

(၁၈) ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း ခွင့် ၁ ရက်တို့ဖြစ်ပါတယ်ရှင်။ ယခင် ခွင့်ပန်ကြားသူ ၂၃ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၈ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၁ ဦး ဖြစ်ပါတယ်ရှင်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၃ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၈ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၁ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ

**မူကြမ်း**

အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် လှော်ကားလမ်းမကြီးကို အကျယ်(၄၈)ပေရှိ ၄ လမ်းသွားကားလမ်းမကြီးအဖြစ် တိုးချဲ့ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးနိုင်(ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များ မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင် ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ဟာ ၁၉၈၉-၁၉၉၀ ခုနှစ်ကတည်းကစတင်တည်ဆောက်ပေးခဲ့သော မြို့သစ်တစ်မြို့ဖြစ်ပြီးတော့ လူဦးရေ ၃၀၀၀၀၀ ကျော်နေထိုင်ကာ နှစ်ပေါင်း ၂၇ နှစ်ရှိခဲ့ပြီဖြစ်သော်လည်း ဖွံ့ဖြိုးမှုနှေးကွေးနေတဲ့ မြို့တစ်မြို့ဖြစ်ပြီး အထူးသဖြင့် အတူတကွတည်ဆောက်ခဲ့တဲ့ ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် များစွာကွာခြားလျက်ရှိသည်ကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ကွန်ကရစ် သို့မဟုတ် ကတ္တရာခင်းရန်ကျန်တဲ့ မြေသားလမ်းပေါင်း ၅၉၆ လမ်းရှိနေပါ သေးတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာဆိုရင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မှာ ကွန်ကရစ်ခင်းမည့်လမ်း ၂၇ လမ်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မှာ ၉ လမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မှာ ၃၈

လမ်းခင်းပေးသော်လည်း ကျွန်တော်တို့ ဒဂုံမြို့သစ်(တောင်ပိုင်း)ကိုတော့ ၉ လမ်းပဲ ချထားပေးခဲ့တာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point နှင့် ပြသခွင့်ပြုပါ။ ဒဂုံမြို့သစ်(တောင်ပိုင်း)မှာ အဓိက လမ်းမကြီးများဖြစ်တဲ့ ပြည်ထောင်စုလမ်း၊ မြိတ်လမ်း၊ မောင်းမကန်လမ်း၊ ပုဂံလမ်း၊ ကျန်စစ်သားလမ်း၊ လှော်ကားလမ်းမကြီးဆိုပြီးတော့ ရှိပါတယ်။ အထူးသဖြင့် အနီရောင်ပြထားတဲ့ လှော်ကားလမ်းမကြီး ဟာ ကျွန်တော်တို့ မြို့နယ်ရဲ့အဓိက အသက်သွေးကြောလမ်းမကြီးဖြစ်ပါတယ်။ ဒီလမ်းမကြီးတွေ တိုးချဲ့ ပေးဖို့အတွက် ကျွန်တော် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စတင်တာဝန်ထမ်းဆောင်ကတည်းကပဲ ရန်ကုန်တိုင်းဒေသကြီးအဖွဲ့ အစိုးရအဖွဲ့ဝန်ကြီးချုပ်၊ ရန်ကုန်မြို့တော်ဝန်တို့ကိုလည်း လမ်းတွေချဲ့ပေးဖို့ မေတ္တာရပ်ခံ တင်ပြခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ခွဲဝေ လမ်း ကိုးလမ်းကတော့ အခု ၈၀ ရာခိုင်နှုန်းလောက် ခင်းပြီးပါပြီ။ ထို့အပြင် လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ တာဝန်ပေးအပ်ချက်အရ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဦးဆောင်မှုဖြင့် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေ သိန်း ၁၀၀၀ နဲ့ ပြည်သူများပူးပေါင်းမှုဖြင့် ၂၇ လမ်းကိုလည်း ဒီလပိုင်းထဲမှာ ခင်းခဲ့ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ ဒီလှော်ကားလမ်းကြီးဟာ ယာဉ်လိုင်းပေါင်း ခြောက်လိုင်းကနေပြီးတော့ ယာဉ်စီးရေ ၄၀၀ ကျော်၊ လူစီးယာဉ် ၅၀၀ ကျော်ဟာ အမြဲသွားလာနေပြီးတော့ ၂၄၊ ၂၅၊ ၂၈၊ ၁၉၊ ၂၀၊ ၇၀ ၊ ၇၁၊ ၁၀၄၊ ၁၀၅၊ ၁၀၆၊ ၁၀၇ ရပ်ကွက်တွေကို တောက်လျှောက်ချိတ်တွဲထားတဲ့ လမ်းကြီးဖြစ်ပြီးတော့ အဓိက အသုံးပြုနေတဲ့ လမ်းမကြီး ဖြစ်ပါတယ်။ အဲဒီလှော်ကားလမ်းမကြီးကို ကြည့်မယ်ဆိုရင် နှစ်လမ်းသွားပဲ ရှိနေတာကို တွေ့ရပါတယ်။ ဒါကတော့ အဲဒီလမ်းမကြီးကို ချဲ့ထွင်ပေးဖို့အတွက်ကို လမ်းဆုံ လေးနေ ရာဖြစ်တဲ့ လှော်ကားကနေ ပြည်ထောင်စုလမ်းဆုံမှာ ၄၈ ပေ၊ ပေ ၅၀၀ ၊ လှော်ကားမြိတ်လမ်းမှာ ၄၈ ပေ၊ ပေ ၁၀၀၀၊ လှော်ကားမောင်းမကန်မှာ ၄၈ ပေ ပေ ၁၀၀၀၊ လှော်ကားပုဂံမှာ ၄၈ ပေ၊ ပေ ၁၀၀၀၊ လှော်ကား ကျန်စစ်သားမှာ ၄၈ ပေ၊ ၁၀၀၀ ချဲ့ထားပြီး ဖြစ်ပါတယ်။ ဒါတွေကို ချိတ်တွဲလိုက်ရုံနဲ့ ဒီလှော်ကားလမ်းမကြီးဟာ လေးလမ်းသွားကြီးဖြစ်သွားမှာဖြစ်ပါတယ်။

ဒါက ကျွန်တော်တို့ ဒဂုံမြို့သစ်(တောင်ပိုင်း)နဲ့ ဆက်ထားတဲ့ ဒဂုံမြို့သစ်(မြောက်ဘက်)အခြမ်း ဖြစ်ပါတယ်။ သူတို့ဘက်မှာတော့ ခြောက်လမ်းသွားတွေ၊ လေးလမ်းသွားတွေ အလျင်အမြန်တိုးချဲ့နေ ပါတယ်။ ကျွန်တော်တို့ကတော့ အခုထက်ထိ လေးလမ်းသွား တောင်းတာတောင် မရသေးပါဘူး။ ဒါကြောင့်မို့လို့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ မြို့နယ်ပြည်သူလူထုသွားလာမှု လွယ်ကူစေရေး၊ ယာဉ်ကြောကျပ်တည်းမှုပြေလျော့စေပြီး လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်စေ

ရေးနှင့် မြို့ရွာဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုစေရန် ရည်ရွယ်ပြီးတော့ ပြည်ထောင်စုလမ်းမကြီး ရိုးမရိပ်သာလမ်းအထိ ပေရှည် ၁၉၉၀၈ ပေကို အကျယ် ၄၈ ပေအတွက်လေးလမ်းသွား ကား လမ်းမကြီးအဖြစ် တိုးချဲ့ပေးဖို့ အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်မှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ မေးမြန်းထားတဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မှာ မြို့နယ်ပြည်သူလူထုသွားလာမှုလွယ်ကူရေး၊ ယာဉ်ကြောကျပ်တည်းမှုဖြေလျော့ပြီးတော့ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်စေရန်နှင့် မြို့ရွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြုစေရန် လှော်ကားလမ်းမကြီး ပြည်ထောင်စုလမ်း ကနေပြီးတော့ ရိုးမရိပ်သာလမ်းအထိ ၁၉၉၀၈ ပေကို အကျယ် ၄၈ ပေရှိတဲ့ လေးလမ်းသွားလမ်းမကြီး အဖြစ် တိုးချဲ့ပေးပါရန်အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်ကာလတွင် ခင်းပေးမည်ကို သိရှိ လိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြား သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းမှာ ရန်ကုန်တိုင်း ဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် ဆောင်ရွက်ခဲ့တဲ့ လမ်းကိုးလမ်းအနက် ၁၈ ရပ်ကွက်၊ ပုလဲကျွန်းလမ်း ၆၅ ရပ်ကွက်၊ ဧရာဝတီလမ်း ၅၆ ရပ်ကွက်၊ ကျောက်မျက်ရတနာလမ်း ၁၈ ရပ်ကွက်၊ ဇာဒက်ကြီးကျွန်းလမ်း ၁၉ ရပ်ကွက်၊ ပဒုမ္မာလမ်း ၇၀ ရပ်ကွက်၊ မင်းခေါင်လမ်း၊ ဗန္ဓုလလမ်း (လှော်ကားလမ်းမှ ရတနာပုံလမ်းအထိ) အဲဒီလမ်းတွေကို ကွန်ကရစ်လမ်းဆောင်ရွက်ပေးပြီး ဖြစ်ပါတယ်။ ကရဏာလမ်း(လှော်ကားလမ်ကနေပြီးတော့ သုဿာန်အဝင်လမ်းအထိ)နှင့် စည်ပင်လမ်း (မောင်းမကန်ကမ်းသာလမ်းနှင့် ပြည်ထောင်စုလမ်းကြား) တို့ကိုလည်း ၅-၂-၂၀၁၇ ရက်နေ့က

စပြီးတော့ စတင်ဆောင်ရွက်ပေးလျက်ရှိပြီး ယခုဘဏ္ဍာနှစ်အတွင်းမှာ အပြီးဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါ့အပြင် မြို့တွင်း ပထမဦးစားပေးလမ်း ၃၀ ကိုလည်း တစ်ရပ်ကွက်လျှင် တစ်လမ်းနှုန်းဖြင့် ဆောင်ရွက်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ထည့်သွင်းလျာထားပေးထားပါတယ်။ လှော်ကားလမ်းမကြီး ပြည်ထောင်စုလမ်းကနေပြီးတော့ ရိုးမရိပ်သာလမ်းအထိ ၁၉၉၀၈ ပေကို ၄၈ ပေ အကျယ် လေးလမ်းသွားဆောင်ရွက်ရန်အနက်ကနေပြီးတော့ ကျန်စစ်သားလမ်းကနေ ရိုးမရိပ်သာ လမ်းအထိ ၆၀၅၅ ပေအရှည်၊ ၂၄ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်းအား ယခုဘဏ္ဍာရေး နှစ်အတွင်းဆောင်ရွက်ပေးသွားမှာဖြစ်ပြီး ကျန်ရှိတဲ့အပိုင်းများကိုလည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးတော့ လျာထားဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးအေးနိုင်(ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ထပ်ဆင့်မေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ထပ်ဆင့်မမေးရဘူး။ တစ်ဆက်တစ်စပ်တည်း ရှိရင်မေး။ ထပ်ဆင့်မေးခွန်းနဲ့ တစ်ဆက်တစ်စပ်တည်းမေးခွန်းနဲ့ မတူဘူး။ ထပ်ဆင့်ဆိုတာ နောက်ထပ်မေးခွန်း New Question အသစ်ဖြစ်နိုင်တယ်။ တစ်ဆက်တစ်စပ်တည်းဆိုတာ ဝန်ကြီးဖြေတာနဲ့ ကိုယ်မေးတာနဲ့ ကွဲလွဲရင်တော့ မေး။

**ဦးအေးနိုင်(ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ထပ်ဆင့်မေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ ပြည်သူလူထုနဲ့ တင်ပြတဲ့တောင်းဆိုတာက ဒီလမ်းတွေကို ထပ်ပြီးတော့ ချဲ့ပေးဖို့ပါခင်ဗျား။ အခုဆောင်ရွက်မှာက ရှိပြီးသားလမ်းပေါ်မှာ ထပ်ပိုးခင်းတာဖြစ်တဲ့ အတွက် ကျွန်တော်တို့က ချဲ့ပေးဖို့ အစီအစဉ်ရှိ/မရှိကို ထပ်ဆင့်မေးမြန်းခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ဒီကိစ္စနှင့် ပတ်သက်ပြီးတော့ ချဲ့ပေးဖို့အစီအစဉ်ရှိ/မရှိကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ပြန်လည်မေးမြန်းပြီးတော့ ပြန်လည်တင်ပြပေးမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ပုဏ္ဏားကျွန်းမြို့၊ ပြည်ထောင်စုလမ်းမကြီး၊ မြို့အဝင်မှ မြို့အထွက်ထိ ပျက်စီး နေသော ကတ္တရာလမ်းအရှည် တစ်မိုင်၊ အကျယ် ၁၈ ပေကို ကွန်ကရစ်လမ်းအရှည် တစ်မိုင်၊ အကျယ် ၂၂ ပေလမ်းဖြစ်အောင်၊ တစ်ဖက်နှစ်ပေစီတိုးချဲ့ခင်းပေးရန်နှင့် မြို့တွင်းဖြစ်၍ လူသွားလမ်း၊ ပလပ်ဖောင်းတစ်ဖက်လေးပေစီ တိုးချဲ့ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဦးထွန်းမောင်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းမောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့ ပြည်ထောင်စုလမ်းမကြီး မြို့အဝင်မှ မြို့အထွက်အထိ ပျက်စီးနေတဲ့ကတ္တရာလမ်းအရှည်တစ်မိုင်၊ အကျယ် ၁၈ ပေကို ကွန်ကရစ်လမ်းအရှည်တစ်မိုင် အကျယ် ၂၂ ပေလမ်းဖြစ်အောင် တစ်ဖက်နှစ်ပေစီတိုးချဲ့ ခင်းပေးရန်နှင့် မြို့တွင်းဖြစ်၍ လူသွားလမ်းအဖြစ် ပလပ်ဖောင်းတစ်ဖက်လေးပေစီ တိုးချဲ့ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဏ္ဏားကျွန်းမြို့ဆိုတာ ပင်လယ်ထဲက ကျွန်းမြို့လားဆိုပြီးတော့ ကျွန်တော့်ရဲ့ မိတ်ဆွေတွေက မေးကြပါတယ်။ ဘင်္ဂလားပင်လယ်အော်နဲ့ မိုင် ၂၀ ခန့်ကွာဝေးတဲ့ ကုလားတန်မြစ်ကမ်းဘေးက မြို့ကလေးဖြစ်ပါတယ်။ အိမ်ခြေ ၂၅၆၃ အိမ်၊ ရပ်ကွက်လေးခုသာရှိတဲ့ တောမြို့ကလေး ဖြစ်ပါတယ်။ မြို့ငယ်ပေမဲ့ ပြည်ထောင်စုလမ်းမကြီး ပေါ်မှာ တည်ရှိနေတဲ့အတွက် လမ်းပန်းဆက်သွယ်ရေးလွယ်ကူချောမွေ့သည့်မြို့ဖြစ်ပါတယ်။ စစ်တွေမြို့မှ မိုင် ၂၀ ခန့်သာဝေးတဲ့အတွက် စစ်တွေ-ရန်ကုန်အမြန်ကားတွေ၊ စစ်တွေ-မန္တလေး အမြန်ကားတွေ၊ စစ်တွေ-ပုဏ္ဏားကျွန်း-ကျောက်တော်-မြောက်ဦး-မင်းပြားအမြန်ကားတွေ၊ ရန်ကုန်-မန္တလေး-မူဆယ်တို့မှလာတဲ့ ကုန်တင်ကားကြီးတွေ၊ စစ်တွေ- ပုဏ္ဏားကျွန်းအမြန်ကားတွေ၊ သာမန်ရိုးရိုးလိုင်းကားငယ် တွေ၊ Taxi တွေ၊ ကျောက်တို့၊ သဲတို့၊ ကျောက်စရစ်တို့၊ အုတ်တွေတင်တဲ့ကားတွေ၊ ထွေလာဂျီတွေ၊ သုံးဘီးဆိုင်ကယ်တွေ၊ မော်တော်ဆိုင်ကယ်တွေ၊ စက်ဘီးတွေစတဲ့ ယာဉ်မျိုးစုံဟာ နေ့ညမရွေးသွားလာနေကြပါတယ်။ မြို့ပြင်တစ်ဖက် အဝေးပြေးပြည်ထောင်စုလမ်းမပေါ်မှာ နှစ်လမ်းမောင်းစနစ်သုံးနေတဲ့ ကွန်ကရစ်လမ်း ၁၈ ပေစီ ခင်းထားသော်လည်း မြို့အဝင်မှ မြို့အထွက်ထိ တစ်မိုင်ခန့်ဟာ

ကတ္တရာလမ်း ဟောင်းဖြစ်ပြီးတော့ ပျက်စီးစပြုနေပြီဖြစ်ပါတယ်။ အဲဒီပြည်ထောင်စုလမ်းမကြီးအနီးမှာ မြို့သစ် ရပ်ကွက် မူလွန်ကျောင်းလည်း ရှိနေပါတယ်။ မြို့ပေါ်မှာရှိတဲ့ အထက်တန်းကျောင်း၊ အလယ်တန်း ကျောင်းများကို မြို့ပြအနီး ကျေးရွာများမှ ကျောင်းသူကျောင်းသားများလည်း ကျောင်းတက်လျက်ဖြစ်ပါတယ်။ အဲဒီမြို့တွင်း ပြည်ထောင်စုလမ်းတစ်မိုင်ခန့်အတွင်းမှာ စားသောက်ဆိုင်တွေ၊ ထမင်းဆိုင်တွေ၊ ကုန်မျိုးစုံဆိုင်တွေ၊ လက်ဖက်ရည်ဆိုင်တွေ၊ မြို့မရဲစခန်းနဲ့ ပုဏ္ဏားကျွန်းဘူတာရုံတို့ရှိနေတဲ့အတွက် လူအသွားအလာ အမြဲစည်ကားနေတဲ့လမ်းပဲဖြစ်ပါတယ်။ ယာဉ်မျိုးစုံနဲ့ လူများရှုပ်ထွေးစွာ သွားလာနေကြတဲ့အခါ လမ်းကျဉ်းတဲ့အတွက် နှစ်လမ်းမောင်းစနစ်နဲ့ အသုံးမပြုနိုင်ဘဲဖြစ်နေပါတယ်။ အချို့ယာဉ် တွေကလည်း မိုင်နှုန်းမြင့်ပြီး မောင်းနှင်ကြတဲ့အတွက် ယာဉ်တိုက်မှုတွေ၊ လမ်းပိတ်ဆို့မှုတွေနဲ့ ထိခိုက်ဒဏ်ရာရမှုတွေ မကြာခဏဖြစ်ပေါ်နေကြောင်း သိမြင်နေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးခွင့်ပြုဖို့ ပန်ကြားအပ်ပါတယ်ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ ပြည်ထောင်စုလမ်းမကြီးတစ်မိုင်ခန့်အတွင်းမှာ ယာဉ်တွေရှုပ်ထွေးနေတဲ့ပုံဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီမြို့အဝင်မှ မြို့အထွက်ထိ ပြည်ထောင်စုလမ်းတစ်မိုင်ခန့်ဟာ စစ်တွေမြို့နဲ့ ကျောက်တော်မြို့အကြားမှာ ယာဉ်အန္တရာယ်အများဆုံးနဲ့ အဖြစ်နိုင်ဆုံးနေရာဖြစ်နေပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူများ၊ ကျောင်းသားကျောင်းသူများရဲ့ အသက်အန္တရာယ်ကင်းဝေးအောင် ကြိုတင်ကာကွယ်တဲ့အနေနဲ့ဖြစ်စေ၊ ယာဉ်မျိုးစုံ လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းအတိုင်း လိုက်နာမောင်းနှင်နိုင်ရေးတို့ကို အထောက်အကူဖြစ်လာစေရန် မြို့အဝင်မှ မြို့အထွက်ထိ ပျက်စီးနေတဲ့ကတ္တရာလမ်းအရှည်တစ်မိုင်၊ အကျယ် ၁၈ ပေကို ကွန်ကရစ်လမ်းအရှည်တစ်မိုင်၊ အကျယ် ၂၂ ပေလမ်းဖြစ်အောင် တစ်ဖက် ၂ ပေစီတိုးချဲ့ခင်းပေးရန်နှင့် လူသွားလမ်းပလက်ဖောင်းတစ်ဖက်လေးပေစီ တိုးချဲ့ပြုလုပ်ပေးရန် လိုအပ်နေပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လေးစားစွာတင်ပြ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းမောင်မှ မေးမြန်းထားတဲ့ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့၊ ပြည်ထောင်စုလမ်းမကြီး မြို့အဝင်လမ်းကနေပြီးတော့ မြို့အထွက်လမ်းအထိ ပျက်စီးနေတဲ့ကတ္တရာလမ်းအရှည်

တစ်မိုင်၊ အကျယ် ၁၈ ပေကို ကွန်ကရစ်လမ်းအရှည်တစ်မိုင်၊ အကျယ် ၂၂ ပေ လမ်းဖြစ်အောင် တစ်ဖက်နှစ်ပေစီ တိုးချဲ့ပေးရန်နှင့် မြို့တွင်းဖြစ်တဲ့အတွက် လူသွားလမ်း၊ ပလက်ဖောင်းတစ်ဖက် လေးပေစီတိုးချဲ့ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ရခိုင်ပြည်နယ်မှာရှိတဲ့ ရန်ကုန်-စစ်တွေ ၁၉၉ မိုင် ၃ ဖာလုံလမ်းဟာဆိုရင် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲတဲ့လမ်းကြီးဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့လမ်းပိုင်းဟာဆိုရင်တော့ ရန်ကုန်-စစ်တွေလမ်း၊ မိုင်တိုင်အမှတ် (၁၇၇/၁) ကနေပြီးတော့ (၁၇၈/၁) အထိ ပုဏ္ဏားကျွန်းမြို့နယ်အတွင်း လမ်းပိုင်းတစ်မိုင်ဖြစ်ပြီးတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်(မူလ) ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ် သန်း ၁၆၀ နဲ့ ၁၈ ပေအကျယ်ကတ္တရာလမ်းချဲ့ခြင်းနှင့် သုံးပေထုကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်ရန်ပုံငွေနဲ့ ရန်ကုန်-စစ်တွေလမ်း၊ မိုင်တိုင် (၁၆၈/၁) ကနေပြီးတော့ (၁၈၈/၆) အတွင်း ၁၈ မိုင် ၆ ဖာလုံကို ၁၈ ပေအကျယ် ကွန်ကရစ်လမ်းအဖြစ် လုပ်ငန်းဆောင်ရွက်ခဲ့ရာမှာ ယခုတင်ပြထားတဲ့လမ်းပိုင်းဟာဆိုရင် ကတ္တရာလမ်းသားကောင်းမွန်နေတာကြောင့် ချန်လှပ်ခဲ့ခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ရန်ကုန်-စစ်တွေလမ်းမကြီးဟာဆိုရင် ရခိုင်ပြည်နယ်ရဲ့ အဓိကဆက်သွယ်ရေးထွက်ပေါက်ဖြစ်တဲ့အတွက် လမ်းမကြီးတစ်လျှောက်လုံးကို အနည်းဆုံး ၁၈ ပေအကျယ် ကွန်ကရစ်/ကတ္တရာလမ်းအဖြစ် ရောက်ရှိအောင် အဓိကထားဆောင်ရွက်လျက်ရှိပါတယ်။ ယခုလက်ရှိအခြေအနေအရဆိုရင် ရန်ကုန်-စစ်တွေလမ်းမကြီး ၁၉၉ မိုင် ၃ ဖာလုံတစ်လျှောက်မှာဆိုရင်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အကုန်မှာဆိုရင် ၁၈ ပေအကျယ်ဖြစ်တဲ့အပိုင်းဟာဆိုရင် ၁၁၀ မိုင် ၆.၂၅ ဖာလုံဖြစ်တဲ့အတွက် ၁၈ ပေမဖြစ်သေးတဲ့အပိုင်းဟာဆိုရင် ၈၈ မိုင် ၄ ဖာလုံ ကျန်မှာဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ လမ်းမကြီးတစ်လျှောက်ကို အနည်းဆုံး ၁၈ ပေအကျယ်ရရှိအောင် ဆောင်ရွက်နေရာမှာ လမ်းအကျယ် တစ်ပြေးညီရှိစေရေးကို ဦးစားပေးဆောင်ရွက်နေရတဲ့အတွက် နဂိုက ၁၈ ပေအကျယ် ကတ္တရာလမ်းဖြစ်ပြီး လမ်းအခြေအနေကောင်းမွန်နေသေးတဲ့လမ်းပိုင်းတွေကိုတော့ ဒုတိယဦးစားပေးအနေနဲ့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသောလမ်းပိုင်းဟာဆိုရင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ၁၈ ပေအကျယ်ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ခဲ့တာဖြစ်ပြီးတော့ လက်ရှိအနေအထားအရလည်း လမ်းအခြေအနေမှာ ကောင်းမွန်နေသေးတဲ့အတွက် ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေနဲ့ မြို့တွင်းလမ်းများ ကတ္တရာကွန်ကရစ်၊ နိုင်လွန်ကွန်ကရစ်(AC)ခင်းခြင်းစီမံချက်မှာ ၎င်းလမ်းပိုင်းကို ဦးစားပေးထည့်သွင်းလျာထားပေးသွားမှာ ဖြစ်ပါတယ်။

၎င်းအပြင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်နယ် ရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံသွားမှာဖြစ်ပါကြောင်းနှင့် လူသွားလမ်းပလပ်ဖောင်း တည်ဆောက်ရန်ကိစ္စနှင့်ပတ်သက်ပြီးတော့ မြေပြင်အနေအထားအရ ဆောင်ရွက်နိုင်မယ့် ဒီဇိုင်းပေါ် မူတည်ပြီးတော့ ထည့်သွင်းစဉ်းစားပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီ လီမိတက်တို့အကြားချုပ်ဆိုသည့် ရန်ကုန်-မြိတ်လမ်း၏ ကျိုက်ထို-သထုံ-မော်လမြိုင်အပိုင်းကို ပြုပြင် ဖောက်လုပ်ရေးနှင့် လွှဲပြောင်းပေးရေးပဋိညာဉ်စာချုပ်ပါအတိုင်း လမ်းအသုံးပြုခကောက်ခံရေးဂိတ်ကို ရွှေ့ပြောင်းကောက်ခံပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်ကိုကိုဦး(ဘီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာသူ အားလုံးမင်္ဂလာပါလို့နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုးဦး ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက် တို့အကြားချုပ်ဆိုသည့် ရန်ကုန်-မြိတ်လမ်း၏ ကျိုက်ထို-သထုံ-မော်လမြိုင်အပိုင်းကို ပြုပြင် ဖောက်လုပ်ရေးနှင့် လွှဲပြောင်းပေးရေးပဋိညာဉ်စာချုပ်ပါအတိုင်း လမ်းအသုံးပြုခကောက်ခံရေးဂိတ်ကို ရွှေ့ပြောင်းကောက်ခံပေးရန်အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ မေးမြန်းရတဲ့ အကြောင်းရင်းကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ရွှေသံလွင် ဟိုင်းဝေးကုမ္ပဏီလီမိတက်တို့ဟာ ၂၀၁၀ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့မှာ ပဋိညာဉ်စာချုပ်တစ်ခု ချုပ်ဆိုခဲ့ပါတယ်။ အဲဒီအထဲမှာ လမ်းအသုံးပြုခကောက်ခံမယ့်ဂိတ်ကို မိုင်တိုင် ၁၁၇ တောင်စွန်း

ကျေးရွာဂိတ်ဆိုပြီးတော့ ပါပါတယ်။ ဒါပေမဲ့ အခုလက်ရှိဂိတ်လုပ်ထားတဲ့နေရာကကျတော့ အဲဒီနေရာမှာမဟုတ်ဘဲနဲ့ ဘီးလင်းမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာတွေကိုပါ တစ်ခါထပ်ခွဲပြီးတော့ လုပ်ထားတဲ့အတွက်ကြောင့် ကျွန်တော်တို့ဟာ မြို့နယ်အတွင်းသွားရင်ကိုပဲ ဒီဂိတ်ကြေးပေးနေရတာ ဖြစ်ပါတယ်။ အဲဒီတော့ မလိုလားအပ်ဘဲနဲ့ ကုန်ကျစရိတ်တွေ များနေတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့က ပဋိညာဉ်စာချုပ်ပါအတိုင်းမဟုတ်ဘဲ နေရာပြောင်းပြီးတော့ ဖွင့်လှစ်နေတာဟာ တရားဝင်ပါသလား။ စာချုပ်ပါအတိုင်း မဖြစ်ရခြင်းရဲ့အကြောင်းရင်းက ဘာကြောင့်ပါလဲ။ ဒီပဋိညာဉ်စာချုပ်ပါအတိုင်း မဖြစ်ရခြင်းဟာ ဝန်ကြီးဌာနက ခွင့်ပြုထားလို့လား။ နောက်တစ်ခုက ဒီအတွက်ကြောင့် ဘယ်သူ့မှာ တာဝန်ရှိပါသလဲ။ ဘယ်သူကတာဝန်ခံပြီး ဒီပြဿနာကို ဖြေရှင်းပေးမှာပါလဲ။ နောက်တစ်ခု ဝန်ထမ်းတွေကိုယ်တိုင် မြို့နယ်ထဲမှာ တာဝန်ထမ်းဆောင်ဖို့သွားနေတဲ့အခါကျတော့ ဂိတ်ကြေးဖြတ်သန်းတဲ့နေရာမှာ ကုန်ကျစရိတ်တွေရှိနေတဲ့အတွက်ကြောင့် ဝန်ထမ်းတွေကိုယ်တိုင်က လည်း ကျွန်တော့်ကို တင်ပြတာတွေရှိပါတယ်။ ဒါကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ပြည်သူ့ဆောက်လုပ်ရေးနဲ့ ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီတို့အကြားမှာချုပ်ဆိုတဲ့ ရန်ကုန်-မြိတ်ရဲ့ ကျိုက်ထို-သထုံ-မော်လမြိုင်အပိုင်းကို ပြုပြင်ဖောက်လုပ်ဖို့ လုပ်ငန်းလုပ်ကိုင်ခြင်းနဲ့ လွှဲပြောင်းပေးရေးပဋိညာဉ်စာချုပ်ပါအတိုင်း လမ်းအသုံးပြုခကောက်ခံရေးဂိတ်ကို ရွှေ့ပြောင်းကောက်ခံပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

ဖြေကြားချက်

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦးက မေးမြန်းထားတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်တို့အကြားချုပ်ဆိုထားတဲ့ ရန်ကုန်-မြိတ်လမ်းရဲ့ ကျိုက်ထို-သထုံ-မော်လမြိုင်အပိုင်းကို ပြုပြင်ဖောက်လုပ်၊ လုပ်ငန်းလုပ်ကိုင်ရေးနှင့် လွှဲပြောင်းပေးရေးပဋိညာဉ်စာချုပ်ပါအတိုင်း လမ်းအသုံးပြုခကောက်ခံရေးဂိတ်ကို ရွှေ့ပြောင်းကောက်ခံပေးရေးအစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနဟာဆိုရင် ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်ကို ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ်လမ်းရဲ့(ဘုရားကြီး-ကျိုက်ထို-သထုံ-

မော်လမြိုင်လမ်းပိုင်း)နဲ့ သထုံ-ဘားအံလမ်းရဲ့(သထုံ-မြိုင်ကလေးလမ်းပိုင်း)တို့ကို B.O.T စနစ်နဲ့ ဆောင်ရွက်ခွင့်ပြုထားပါတယ်။ ဒီလမ်းပိုင်းတွေကို သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းများအတိုင်း ဆောင်ရွက်စေပြီးတော့ B.O.T နှုန်းနဲ့ လမ်းအသုံးပြုခကောက်ခံခွင့်လည်းပြုခဲ့ပါတယ်။ လမ်းပိုင်းများအလိုက် တိုးလ်ဂိတ်များ ကောက်ခံခွင့်ပြုထားခဲ့ရာမှာ ကျိုက်ထို-သထုံ-မော်လမြိုင်လမ်းပိုင်းအတွက် ဘီးလင်းတိုးလ်ဂိတ်နဲ့ ကွင်းကူး(မော်လမြိုင်)တိုးလ်ဂိတ်တို့ကို ခွင့်ပြုပေးထားပါတယ်။ ကျိုက်ထို-သထုံ လမ်းပိုင်း၊ မိုင်တိုင် ၁၁၆/၇ နဲ့ ၁၅၀/၅ အထိ ၃၃ မိုင် ၆ ဖာလုံအတွက်ကို တိုးလ်ဂိတ်နေရာ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ရခြင်းဟာဆိုရင် ယခင်နယ်မြေလုံခြုံရေးအခြေအနေအရ ဘုရားကြီး-ကျိုက်ထို လမ်းပိုင်းဖြစ်တဲ့ မိုင်တိုင်အမှတ် ၁၀၅/၁ လက်ပြကျေးရွာအနီးမှာ ယာယီအစီအစဉ်အရ ကောက်ခံခွင့်ပြုခဲ့ပြီးတော့ နယ်မြေတည်ငြိမ်အေးချမ်းမှုရှိလာတဲ့အခါမှာဆိုရင် ကျိုက်ထို-သထုံလမ်းပိုင်းအတွင်း ဘီးလင်းတံတားအနီး မိုင်တိုင်အမှတ် ၁၂၇/၃ သို့ တိုးလ်ဂိတ်ကို ပြောင်းရွှေ့ဖွင့်လှစ်ခွင့်ပြုရန် ကုမ္ပဏီမှတင်ပြခဲ့တဲ့အတွက် မွန်ပြည်နယ်အစိုးရအဖွဲ့ရဲ့သဘောတူညီချက်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက တရားဝင်ရွှေ့ပြောင်းကောက်ခံခွင့်ပြုခဲ့ခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လမ်းအသုံးပြုခကောက်ခံရေးဂိတ်ကို ပြောင်းရွှေ့တည်ဆောက်လိုပါက သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အစည်းများနဲ့ လမ်းဦးစီးဌာနမှ တာဝန်ရှိသူများက တိုးလ်ဂိတ်ဖွင့်လှစ်သင့်တဲ့နေရာအဖြစ် သင့်လျော်မှုရှိ/မရှိကို မြေပြင်မှာကွင်းဆင်းစစ်ဆေးပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးသို့ တင်ပြပြီးတော့ အတည်ပြုချက် ရယူပြီးမှသာ ခွင့်ပြုခဲ့ခြင်းဖြစ်ပါတယ်။ ဘီးလင်းတိုးလ်ဂိတ်ကိုလည်း ဖော်ပြပါလုပ်ငန်းစဉ်အတိုင်း စိစစ်ဆောင်ရွက်ခွင့်ပြုခဲ့ခြင်းဖြစ်ပါတယ်။ ဘီးလင်းမြို့နယ်အတွင်းဖြတ်သန်းသွားလာနေတဲ့ ဘီးလင်းမြို့ အခြေပြုယာဉ်များနဲ့ ဝန်ထမ်းများ ကိုယ်တိုင်ဂိတ်ဖြတ်သန်းရာမှာ လမ်းအသုံးပြုခပေးဆောင်ရခြင်းနှင့်ပတ်သက်ပြီးတော့ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့မှာ ဘီးလင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှာ သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ မော်တော်ယာဉ်အသင်း၊ B.O.T ကုမ္ပဏီနဲ့ မွန်ပြည်နယ်၊ လမ်းဦးစီးဌာနတို့ ဆွေးနွေးညှိနှိုင်းမှုအရ မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ မြို့နယ်မော်တော်ယာဉ်အသင်းမှ ဘီးလင်းမြို့နယ်အခြေပြုတဲ့ယာဉ်များကို စာရင်းကောက်ယူပေးမှာဖြစ်ပါတယ်။ ဖြတ်သန်းမယ့်ယာဉ်များအနက်ကနေ ဝန်ထမ်းများရဲ့ယာဉ်များကိုတော့ လမ်းအသုံးပြုခကင်းလွတ်ခွင့်ပေးသွားမှာဖြစ်ပြီးတော့ အခြားကိုယ်ပိုင်ယာဉ်များ၊ ခရီးသည်တင်ယာဉ်များကိုတော့ ယာဉ်စီးရေအပေါ်မူတည်ပြီးတော့ နှုန်းထားတစ်ခု သတ်မှတ်ပေးသွားမှာဖြစ်ပါကြောင်း ပထမအကြိမ်

ဆွေးနွေးခဲ့ပြီးလည်းဖြစ်ပါတယ်။ နှစ်ဦးနှစ်ဖက်အတွက် သင့်တင့်လျောက်ပတ်တဲ့ နှုန်းထားတစ်ခု သတ်မှတ်အတည်ပြုနိုင်ရေးကိုတော့ မွန်ပြည်နယ်၊ လမ်းဦးစီးဌာနမှ သက်ဆိုင်ရာအဖွဲ့အစည်းများနဲ့ ဆက်လက်စိစစ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးတင်ကိုကိုဦး(ဘီးလင်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်း မေးခွင့်ပြုပါ။ ကျွန်တော်တို့က ဒီ B.O.T စနစ်နဲ့ စောစောကပြောသလို မွန်ပြည်နယ်အစိုးရအဖွဲ့ကနေ ပြီးတော့ ခွင့်ပြုတဲ့အတွက်ကြောင့် ဒါတွေကို ရွှေ့ပြောင်းလို့ရတယ်ဆိုတဲ့နေရာမှာ ကျွန်တော်တို့က လက်ရှိ ကျွန်တော်စောစောကပြောသလိုပါပဲ။ မြို့နယ်တစ်ခုထဲမှာကို ကျွန်တော်တို့က ဟိုဘက်ကျေးရွာ နဲ့ ဒီဘက်ကျေးရွာသွားတဲ့ဆီမှာ ကုန်ကျစရိတ်ဖြစ်နေတာပါ။ အဲဒီအတွက်ကြောင့် အခုလို စောစောက ပြောသွားတာရှိပါတယ်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ တွေ့ပြီးတော့ ဆွေးနွေးကြတယ်ဆိုတဲ့ဆီ မှာလည်း ဝန်ထမ်းတွေကိုတော့ အခမဲ့၊ ကျန်တဲ့ဒေသဆိုင်ရာတွေအတွက်ကျတော့ အရေအတွက်ပေါ် မှာခွင့်ပြုမယ်ဆိုတဲ့အခါကျတော့ ဒါဆိုရင် အရေအတွက်ကို ဘယ်လိုသတ်မှတ်မှာလဲ ဆိုတဲ့ကိစ္စက အရေးကြီးပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ဆီမှာ ဟိုဘက်ဒီဘက်က စိုက်ပျိုးရေးနဲ့ အမြဲက သွားနေကြတာဖြစ်ပါတယ်။ တစ်နေ့တစ်နေ့ကို အခေါက်ပေါင်းများစွာ သွားကြတာပါ။ အဲဒီအတွက် ကြောင့် ဝန်ကြီးဌာနအနေနဲ့ ဘီးလင်းမြို့နယ်ထဲမှာ ကားတွေအကုန်လုံးကို ဘီးလင်းမြို့နယ်မှာရှိတဲ့ အဲဒီနေရာမှာဖြတ်နေတဲ့ကားတွေအကုန်လုံးကို စောစောကပြောတဲ့ ခွင့်ပြုဖို့ပေးနိုင်ပါသလားဆိုတာကို အမြဲက၊ နောက်ခွင့်ပြုဖို့ ပေးတဲ့အခါကျရင်လည်း ဒီကိစ္စကို ဆောက်လုပ်ရေးဝန်ကြီးဌာနကပဲ အမြဲက ဆောင်ရွက်ပေးစေလိုပါတယ်။ အဲဒီတော့ ပေးနိုင်မလားဆိုတဲ့ဟာကို ကျွန်တော်အမြဲက တစ်ဆက် တစ်စပ်တည်းမေးမြန်းပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဖြေကြားနိုင်လျှင် ပြန်လည်ဖြေပေးပါ။

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါ သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးရဲ့ တစ်ဆက်တစ်စပ်တည်းမေးခွန်းနဲ့ပတ်သက်ပြီး တော့ အခုနကတင်ပြတဲ့အတိုင်းပါပဲ။ ဝန်ထမ်းတွေကတော့ အဲဒီ ဖေဖော်ဝါရီလ ၃ ရက်နေ့မှာလုပ်တဲ့ အစည်းအဝေးအရတော့ ဝန်ထမ်းတွေကတော့ အခမဲ့ရမှာဖြစ်ပါတယ်။ ကျန်တဲ့ ကားတွေကတော့ ကျွန်တော်တို့ဒီမှာဆွေးနွေးချက်အရကတော့ ဘီးလင်းမြို့ကို အခြေစိုက်တဲ့မော်တော်ယာဉ်တွေကို

ကျွန်တော်တို့စာရင်းကောက်မှာဖြစ်ပါတယ်။ အဲဒီအထဲကမှ အစီးရေပေါ်မူတည်ပြီးတော့၊ အခေါက်အရေအပေါ်မူတည်ပြီးဆိုတာ ဒီလိုရှိပါတယ်။ ကျောင်းကားဆိုရင် တစ်နေ့ကို လေးခေါက်လောက်ခွင့်ပြုပေးမှာဖြစ်ပါတယ်။ ဒီကားကိုပဲ ကျောင်းကားမဟုတ်ဘဲနဲ့ တခြားအသုံးပြုတယ်ဆိုရင်တော့ ကောက်ခံတဲ့နေရာမှာ သူ့သတ်မှတ်ထားတဲ့နှုန်းတွေ သို့မဟုတ် ခွင့်ပြုထားတဲ့ နှုန်းတွေနဲ့ ပေးဆောင်ရမှာဖြစ်ပါတယ်။ ဒီလိုပါပဲ။ တခြားယာဉ်တွေလည်း စီးရေ၊ နောက်ပြီးတော့ ခေါက်ရေ။ ဒါတော့ အနည်းဆုံးသတ်မှတ်ပေးဖို့လိုပါတယ်။ တခြားမြို့နယ်တွေမှာလည်း ဒီလိုပဲဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုကတ်ပြားလေးတွေထုတ်ပေးခြင်းအားဖြင့် တော်တော်လေးတော့ အဆင်ပြေသွားပါတယ်။ အခုနလိုအားလုံး လုံးဝအခမဲ့ဆိုတာတော့ ကျွန်တော်တို့ကလည်း နှစ်ဖက်မျှပြီးကြည့်ပေးရပါတယ်။ တစ်ဖက်ကလည်း B.O.T ကုမ္ပဏီဖြစ်တဲ့အတွက် သူတို့ရဲ့ဝင်ငွေရရှိမှုအပေါ်မှာလည်း ကျွန်တော်တို့က တစ်ဖက်က ကြည့်ပေးရသလို တစ်ဖက်ကလည်း အခုနကတင်ပြတဲ့အတိုင်းပါပဲ။ မြို့လူထုရဲ့လိုအပ်ချက်တွေ၊ တောင်းဆိုချက်တွေ။ ဒီအပေါ်မှာလည်း ကျွန်တော်တို့ကကြည့်ပေးပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့တင်ပြတဲ့အတိုင်းပါပဲ။ နှစ်ဦးနှစ်ဖက်အတွက် သင့်တင့်လျောက်ပတ်တဲ့နှုန်းထားတစ်ခုကို သတ်မှတ်အတည်ပြုနိုင်ရေးဆိုတာကတော့ သက်ဆိုင်ရာ ဘီးလင်းမြို့နယ်က ဝိုင်းဝန်းဆွေးနွေးကြပါ။ အဲဒီနှုန်းထားကို ကျွန်တော်တို့ဘက်ကတော့ အတည်ပြုပေးပါမယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**လှိုင်မြို့နယ် အမှတ်(၂)နှင့်အမှတ်(၃)ရပ်ကွက်ရှိ မီးလောင်မြေပြန်လည်စည်ပင်ရေးစီမံချက်အရ တည်ဆောက်ခဲ့သောအဆောက်အဦများသည် အန္တရာယ်ရှိအဆောက်အဦအဖြစ် သတ်မှတ်ခံထားရ၍ အမြန်ဆုံးပြန်လည်တည်ဆောက်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ကျော်ဦး(လှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လှိုင်မဲဆန္ဒနယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ် အမှတ်(၂)နဲ့ အမှတ်(၃)ရပ်ကွက်ရှိ မီးလောင်မြေပြန်လည်စည်ပင်ရေး စီမံချက်အရ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ ၁၉၈၉ ခုနှစ်ကတည်ဆောက်ခဲ့တဲ့ အဆောက်အဦအား

၂၀၁၂ ခုနှစ်ကတည်းက အန္တရာယ်ရှိအဆောက်အဦအဖြစ် လူနေထိုင်ရန်မသင့်လို့ သတ်မှတ်ခံထား ရတဲ့အတွက် အမြန်ဆုံးပြန်လည်တည်ဆောက်ပေးဖို့အစီအစဥ်ရှိ/မရှိမေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၈၉ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက် နေ့မှာ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်အမှတ်(၂)နှင့်အမှတ်(၃)ရပ်ကွက်မှာ အိမ်ခြေ ၃၇၀ မီးလောင်ခံခဲ့ရပါတယ်။ မီးလောင်ခံခဲ့ရတဲ့မြေပေါ်မှာ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ခြောက်ခန်းတွဲ နှစ်ထပ်တိုက်ဆောက်လုပ်ပြီးတော့ မီးဘေးသင့်ပြည်သူများကို အပေါ်ထပ်တွေကို ပြည်လည်နေရာချပြီးတော့ မြေညီထပ်တွေကို ဝန်ထမ်းတွေကိုရောင်းချပေးခဲ့ပါတယ်။ ထိုစဉ်က ၁၂ ပေ x ၄၅ ပေ ခြောက်ခန်းတွဲ နှစ်ထပ်တိုက်တစ်လုံးကို ကျပ်ငွေတစ်သိန်းလောက်နဲ့ ကန်ထရိုက်စနစ်နဲ့ ဆောက်လုပ်ခဲ့တဲ့အတွက် အရည်အသွေးညံ့ဖျင်းပြီးတော့ ရေမြောင်းစနစ်၊ မိလ္လာစနစ်များလည်း ကောင်းမွန်ခဲ့ခြင်းမရှိခဲ့ပါဘူး။ အဆိုပါ တိုက်အမျိုးအစားတွေက အမှတ်(၃)ရပ်ကွက်မှာ ၄၃ လုံး ရှိပြီးတော့ အမှတ်(၂)ရပ်ကွက်မှာတော့ အလုံး ၃၀ ခန့်ရှိပါတယ်။ ၂၀၁၂ ခုနှစ်မှာ အမှတ်(၃)ရပ်ကွက် (၁၀) လမ်း၊ တိုက်(၂၉)၊ အခန်း(၁)မှာ မီးဖိုချောင်ပြိုကျခဲ့တဲ့အတွက် မြို့တော်စည်ပင်သာယာနဲ့ စစ်ဆေးရေးအဖွဲ့လာရောက်စစ်ဆေးခဲ့ပြီးတော့ ၁၆-၁-၂၀၁၃ ရက်နေ့မှာ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ အဆောက်အဦအင်ဂျင်နီယာဌာနကနေပြီးတော့ လူနေထိုင်ရန် မသင့် အန္တရာယ်ရှိအဆောက်အဦအဖြစ်သတ်မှတ်ခြင်းများ ဆိုင်းဘုတ်တင်ခဲ့ပါတယ်။ ယခုအခါ မှာလည်း အဆောက်အဦအများစုဟာ ကြံ့ခိုင်မှုမရှိတော့ဘဲ ယိုယွင်းပျက်စီးပြီးတော့ ရေနဲ့မိလ္လာများ ကလည်း တိုက်ခန်းများကို စီးဝင်လျက်ရှိပါတယ်။ တိုက်ခန်းနေပြည်သူများအတွက် အခြားနေစရာအဆောက် အဦကလည်းမရှိ၊ လက်ရှိနေတဲ့အဆောက်အဦကလည်း အန္တရာယ်ရှိအဆောက်အဦများဖြစ်နေပြီးတော့ ကန်ထရိုက်စနစ်ဖြင့် ပြည်လည်တည်ဆောက်ဖို့ ခွင့်ပြုချက်တောင်းရမှာ ၂၅-၁၀-၂၀၁၃ ရက်စွဲ နဲ့ စည်ပင်သာယာနဲ့မသက်ဆိုင်ကြောင်း၊ အိုးအိမ်ဦးစီးဌာနက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အကြောင်းပြန်ခဲ့ပါတယ်။ အိုးအိမ်ကတော့ အခုလက်ရှိအချိန်ထိတော့ ဘာမှဆောင်ရွက်ပေးထားခြင်း မရှိသေးပါဘူး။

Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒါကတော့ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၃)ရပ်ကွက်က တိုက်ခန်းတွေဖြစ်ပါတယ်။ တိုက်ခန်းတွေအရည်အသွေးညံ့ဖျင်းပြီးတော့ တော်တော်လေးကိုယိုယွင်းပျက်စီးနေပါပြီ။ ဒါကတော့ လူနေထိုင်ရန်မသင့် အန္တရာယ်ရှိအဆောက်အဦ အဖြစ် သတ်မှတ်ချိတ်ဆွဲထားတဲ့ ဆိုင်းဘုတ်ဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်ကတည်းက ချိတ်ဆွဲထားတာ အခု

စာတောင်မမြင်ရတော့ပါဘူး။ ဒါကတော့ လှေခါးခုံဖြစ်ပါတယ်။ ဒါကတော့ အိမ်ထဲကနေရိုက်ထားတဲ့ ပုံဖြစ်ပါတယ်။ ကျွန်တော်တို့လမ်းကမြင့်သွားတဲ့အတွက် လမ်းပေါ်ကရေတွေ၊ ရေဆိုးတွေဝင် မလာအောင် အိမ်ကနေ အုတ်တံတိုင်းကာထားရတာဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ အမိုးတွေ၊ မျက်နှာကြက်တွေအခြေအနေဖြစ်ပါတယ်။ ဒါကတော့ နောက်ဖေးလမ်းကြားဖြစ်ပါတယ်။ နောက်ဖေး လမ်းကြားကလည်း မိလ္လာကန်တွေပြိုကျပျက်စီးနေပြီးတော့ အိမ်ထဲကို ပြန်လည်စီးဝင်နေပါတယ်။ ကျေးဇူးတင်ပါတယ်။

အဲဒီနေရာက ဘုရင့်နောင်လမ်း၊ ဗဟိုလမ်းနဲ့ ရွာမကျောင်းလမ်းကြားမှာရှိတဲ့ မြေတန်ဖိုးမြင့်တဲ့ နေရာဖြစ်ပါတယ်။ ဒါကြောင့် ရေမြောင်းစနစ်၊ မိလ္လာစနစ်၊ ကားပါကင်၊ ကစားကွင်း၊ ပန်းခြံစတဲ့ Town Plan တွေရေးဆွဲပြီးတော့ အဆင့်မြင့်ကွန်ဒိုများ ပြန်လည်တည်ဆောက်မယ်ဆိုရင် မြို့တော်လည်း သန့်ရှင်း သာယာလှပမယ်။ နိုင်ငံတော်အတွက်လည်း အကျိုးရှိမယ်။ နေထိုင်မယ့် ပြည်သူတွေအတွက် လည်း ကိုယ်စိတ်နှစ်ပါးချမ်းသာမှာဖြစ်တဲ့အတွက် ပြန်လည်တည်ဆောက်ဖို့ ကျွန်တော်တို့လွှတ်တော် ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦးကနေ မေးမြန်းထားတဲ့ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ် အမှတ်(၂)နှင့် အမှတ်(၃)ရပ်ကွက်မှာရှိတဲ့ မီးလောင်မြေပြန်လည်စည်ပင်ရေး စီမံချက်အရ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနအစီအစဉ်နဲ့ တည်ဆောက်ပေးခဲ့တဲ့ အဆောက်အဦများဟာဆိုရင် ၂၀၁၂ ခုနှစ်ကတည်းက အန္တရာယ်ရှိအဆောက်အဦအဖြစ်နဲ့သတ်မှတ်ခံထားရ၍ အမြန်ဆုံးပြန်လည်တည်ဆောက်ရန်အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ် အမှတ်(၂)နဲ့ အမှတ်(၃)ရပ်ကွက်က အိမ်ခြေပေါင်း ၃၇၀ ဆိုရင် ၁၉၈၉ ခုနှစ် ဇန်နဝါရီလမှာ မီးသင့်လောင်ကျွမ်း ခဲ့ပါတယ်။ အဲဒီမီးလောင်မြေ ပြန်လည်ဖွံ့ဖြိုးရေးစီမံချက်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ယခင်မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန)မှ ၂၀၀၀-၂၀၀၁ ခုနှစ်တွင် မြေပြင်ကွင်းဆင်းတိုင်းတာပုံထုတ်ပြီးတော့ စီမံကိန်းပုံစံရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်

ခဲ့ပါတယ်။ လှိုင်မြို့နယ် အမှတ်(၂)နှင့်အမှတ်(၃)ရပ်ကွက် မီးလောင်မြေပြန်လည်ဖွံ့ဖြိုးရေးစီမံကိန်း ပုံစံမှာဆိုရင် လူနေရပ်ကွက်များနဲ့ လေးခန်းတွဲ၊ ခြောက်ခန်းတွဲ၊ ရှစ်ခန်းတွဲနှင့် ၁၀ ခန်းတွဲ နှစ်ထပ် အုတ်ညှပ်အဆောက်အဦများကို အခြေအနေအချိန်အခါနှင့်အညီ လိုအပ်ချက်အရထည့်သွင်းရေးဆွဲ ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

မီးဘေးသင့်ပြည်သူများမှာဆိုရင် မိမိတို့အစီအစဉ်နဲ့ အိမ်ဆောက်နေထိုင်သူများကို မြေကွက် များချထားပေးပြီးတော့ မိမိကိုယ်တိုင် အိမ်ရာပြန်လည်တည်ဆောက်နေထိုင်ရန် အခြေအနေမရှိသူများ ကိုတော့ ဌာနကနေပြီးတော့ တည်ဆောက်ရေးကုမ္ပဏီများကို လုပ်ငန်းအပ်နှံပြီးတော့ တည်ဆောက် ထားတဲ့ လူနေအဆောက်အဦများတွင် ပြန်လည်နေရာချထားပေးခဲ့ပါတယ်။ ဌာနကနေပြီးတော့ အိမ်လခကောက်ခံခြင်း၊ ပြင်ဆင်ထိန်းသိမ်းစရိတ်ကောက်ခံခြင်းတို့ကို ပြုလုပ်ခြင်းမရှိဘဲ နေထိုင်သူ များကို အခန်းပိုင်အဖြစ် ပိုင်ဆိုင်ခွင့်ပေးအပ်ထားခြင်းဖြစ်ပါတယ်။ မြေပိုင်ဆိုင်မှုကိုတော့ လက်ရှိအချိန် အထိ ဌာနပိုင်မြေအဖြစ်သတ်မှတ်ထားပါတယ်။

တည်ဆောက်ခဲ့တဲ့ လူနေအဆောက်အဦများမှာဆိုရင် လတ်တလောနေထိုင်ရန်နေရာ အရေး တကြီးလိုအပ်မှု ဖြည့်ဆည်းပေးရန်ဖြစ်သဖြင့် တည်ဆောက်ချိန်ကာလလျော့နည်းသက်သာပြီး အလျင် အမြန်အကောင်အထည်ဖော်နိုင်မည့် အုတ်ညှပ်အဆောက်အဦဒီဇိုင်းပုံစံကို ကာလတိုသက်တမ်းအဖြစ် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်တဲ့အတွက် နေထိုင်သူများမှ ပြုပြင်ထိန်းသိမ်းမှုလည်း အားနည်းတယ်။ အချိန်မတိုင်မီပျက်စီးယိုယွင်းမှုများ ဖြစ်ပေါ်လာပြီးတော့ အန္တရာယ်ရှိတဲ့အဆောက်အဦအဖြစ်သို့ ရောက်ခဲ့ခြင်းလည်းဖြစ်ပါတယ်။

ဌာနအနေနဲ့ စီမံကွပ်ကဲလျက်ရှိတဲ့ အငှားအိမ်ရာ၊ ပြည်သူ့အိမ်ရာများမှာဆိုရင် သက်တမ်းလွန် ခြင်း၊ ပျက်စီးယိုယွင်းခြင်းများရှိပါက မူလနေထိုင်သူများနှင့်ဆွေးနွေးညှိနှိုင်းပြီးတော့ ပြန်လည်ဖွံ့ဖြိုး ရေးလုပ်ငန်း(Redevelopment)ကို ဆောင်ရွက်ပေးလျက်လည်းရှိပါတယ်။ လက်ရှိအခြေအနေမှာ လှိုင်မြို့နယ် အမှတ်(၂)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ တိုက်အမှတ်(၈၅/၈၆)မှာရှိတဲ့ နေထိုင်သူများက ၎င်းတို့နေထိုင်တဲ့တိုက်အား ပြန်လည်ပြုပြင်တည်ဆောက်ပေးပါရန် ဌာနသို့အဆိုပြုတင်ပြလာ ပါသဖြင့် အဆိုပါတိုက်နေရာမှာဆိုရင် ခေတ်အခြေအနေနဲ့လျော်ညီတဲ့ မြေအောက် Car Parking နှစ်ထပ်ပါဝင်ပြီးတော့ ခေတ်မီအထပ်မြင့်အဆောက်အဦအဖြစ် Redevelopment ပြုလုပ်ရန် လက်ရှိ နေထိုင်သူများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

ယခုအခါ လှိုင်မြို့နယ် အမှတ်(၂)နှင့် အမှတ်(၃)ရပ်ကွက်တို့သည် ပြောင်းလဲဖြစ်ပေါ်လာတဲ့ မြို့ပြဖွံ့စည်းပုံအရ မြေနေရာကောင်းများဖြစ်လာပြီးတော့ Infill Process အရ ရန်ကုန်မြို့ရဲ့အိမ်ရာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မယ့်အခြေအနေမှာရှိတဲ့အတွက် စနစ်တကျ Plan ရေးဆွဲပြီးတော့ ပြန်လည်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်သင့်ကြောင်း ဌာနကသုံးသပ်ထားပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ လှိုင်မြို့နယ် အမှတ်(၂)နဲ့ အမှတ်(၃)ရပ်ကွက်မှာရှိတဲ့ အန္တရာယ်ရှိအဆောက်အဦများအား အမြန်ဆုံးပြန်လည်တည်ဆောက်ရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း၍ အဆိုပါအဆောက်အဦများဟာ ဆိုရင် အရောင်းအိမ်များဖြစ်တဲ့အတွက် အန္တရာယ်ရှိသောအဆောက်အဦများတွင် နေထိုင်သူ အိမ်ပိုင်ရှင်များအနေနဲ့ ၎င်းတို့၏စုပေါင်းအစီအစဉ်နဲ့ ပြန်လည်တည်ဆောက်နိုင်ပြီးတော့ ဌာနအနေနဲ့ လိုအပ်သည်များကို ညှိနှိုင်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**လက်ပံတန်းမြို့နယ်နှင့် မင်းလှမြို့နယ်သို့ ဆက်သွယ်ထားသည့် အရှည်(၇)မိုင်ရှိသော တောင်ကြို့ကုန်းလမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းအဖြစ် မူလကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်မင်း(လက်ပံတန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျ။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ကျွန်တော်တို့လက်ပံတန်းမြို့နယ်နဲ့ မင်းလှမြို့နယ်ကို ဆက်သွယ်ထားတဲ့ အရှည် ၇ မိုင်ရှိတဲ့ တောင်ကြို့ကုန်းလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းအဖြစ် မူလကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်ပေးနိုင်ခြင်းရှိ/မရှိကို ကျွန်တော်မေးမြန်းမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အခုတင်ပြမယ့်လမ်းအမျိုးအစားက ကျွန်တော်တို့နိုင်ငံမှာ ဒီမြို့နယ်တွေမှာ တော်တော်များများရှိပါတယ်။ ဘာကြောင့်လဲဆိုလို့ရှိရင် ဗြိတိသျှအစိုးရခေတ်တုန်းက ဒီလမ်းတွေဟာ ဗြိတိသျှအစိုးရက စစ်ရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်နဲ့ ဖောက်လုပ်သွားတဲ့ မူလကတ္တရာလမ်းများဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလမ်းတော်တော်များများဟာ အခုအခါမှာဆိုရင်တော့ မြေသားလမ်းအဖြစ်ကို ရောက်ရှိတာဖြစ်ပါတယ်။ ကျွန်တော့်မေးခွန်းနဲ့ပတ်သက်လို့ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ Power Point ထဲမှာဆိုလို့ရှိရင် ကျွန်တော်တို့ ဒီဘက်က အပြာရောင်လမ်းလေးကတော့ ရန်ကုန်-ပြည်လမ်း ဖြစ်ပါတယ်။

အလယ်ခေါင်ကလမ်းကတော့ ရန်ကုန်-ပြည် မီးရထားလမ်းဖြစ်ပါတယ်။ ဒီဘက်ကတော့ အနီရောင် လမ်းလေးကတော့ လက်ပံတန်းနဲ့ မင်းလှနဲ့ဆက်သွယ်ထားတဲ့ ဟိုတုန်းက ကတ္တရာလမ်းဟောင်းဖြစ်ပါ တယ်။ အဲဒီတော့ အဲဒီလမ်းပိုင်းကို ကျွန်တော်တို့ လက်ပံတန်းမြို့နယ်ဘက်အပိုင်ထဲမှာတော့ ၇ မိုင် ၂ ဖာလုံရှိပြီးတော့ မင်းလှမြို့နယ်ထဲမှာတော့ ကျွန်တော်တို့ ၇ မိုင်ခန့်ရှိပါတယ်။ စုစုပေါင်း ၁၄ မိုင်ခန့်ရှိ ပါတယ်။ အဲဒီလမ်းကို အသုံးပြုနေတာကတော့ ကျွန်တော်တို့မြို့နယ်အပိုင်းထဲမှာဆိုရင်တော့ ကျေးရွာ အုပ်စုကရှစ်အုပ်စုရှိပြီးတော့ ကျေးရွာပေါင်း ၇၃ ရွာ အသုံးပြုပြီး မင်းလှအပိုင်းမှာတော့ ကျေးရွာအုပ်စု ၁၂ ခုနှင့် ကျေးရွာပေါင်း ၅၂ ရွာ အသုံးပြုနေတဲ့လမ်းဖြစ်ပါတယ်။ အခုတော့ ကတ္တရာ လမ်းအဆင့်ကနေပြီးတော့မှ အခုမြင်တဲ့အတိုင်းပါပဲ။ မိုးရာသီမှာဆိုရင် လုံးဝသုံးမရတဲ့လမ်းဖြစ်ပြီး တော့ နွေရာသီတစ်ခုလောက်ပဲ သုံးလို့ရတဲ့လမ်းဖြစ်ပါတယ်။ အဲဒီတော့ ဒေသခံတွေကတော့ ဒီလမ်းကို ကိုယ်ထူကိုယ်ထစနစ်နဲ့ပဲ အခုပြင်ဆင်ပြီးတော့မှ သုံးနေရတာဖြစ်ပါတယ်။ အခုဆိုလို့ရှိရင် ကျွန်တော် တို့ဒီမြို့နယ်ချင်းဆက်လမ်းဖြစ်တဲ့အတွက်ကြောင့် ကျေးလက်ဦးစီးဌာနကလည်း တာဝန်ယူမှာမဟုတ်ပါ ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျေးလက်ဦးစီးဌာနက တာဝန်ယူတဲ့လမ်းပိုင်းတွေက အခုလို မြို့နယ် ချင်းဆက်လမ်းတွေကို ချိတ်ဆက်တဲ့ ကျေးရွာအုပ်စုတွေကနေပြီးတော့ လူဦးရေ ၁၀၀၀ ခန့်အသုံးပြုတဲ့ လမ်းများကို ဦးစားပေး(က)အဆင့်အဖြစ် သတ်မှတ်ထားတဲ့လမ်းတွေကတော့ ကျေးလက်ဦးစီးဌာနပိုင် လမ်းဖြစ်ပါတယ်။ ဒီလမ်းကတော့ မြို့နယ်ချင်းဆက်လမ်းဖြစ်တဲ့အတွက်ကြောင့် ဆောက်လုပ်ရေးဌာန ကနေပြီးတော့မှ တာဝန်ယူပေးစေချင်ပါတယ်။ ဆောက်လုပ်ရေးဌာနက တာဝန်ယူပေးမယ်ဆိုလို့ရှိရင် လည်းပဲ ဒီလမ်းမြေနေရာအကျယ်အဝန်းလည်းရှိပါတယ်။ ကျွန်တော်တို့ ဒေသခံတွေဟာလည်းပဲ လိုအပ်တဲ့လမ်းအကျယ်အဝန်းကို ပေးပါမယ်လို့လည်းပဲ ကတိပြုထားတာရှိပါတယ်။ အဲဒီတော့ လောလောဆယ်တော့ ကျွန်တော်တို့နိုင်ငံရဲ့ဘတ်ဂျက်အနေအထားအရ လောလောဆယ် ကတ္တရာ လမ်းကို အဆင့်မတိုးမြှင့်နိုင်သေးရင်တောင်မှပဲ ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့မှ ဂဝံကျောက်စလစ်ရောမြေပေါ့။ ကျွန်တော်တို့ဘက်မှာဆိုရင် အင်းမာကျောက်မြေဆိုရင် ဒီစက်ယန္တရား တွေနဲ့အသုံးပြုပြီးတော့မှ အဆင့်မီမီ ဒီလိုလုပ်ပေးမယ်ဆိုရင်တောင်မှပဲ အများကြီးအဆင်ပြေပါတယ်။ ဘတ်ဂျက်အနေအထားအရကတော့ နှစ်စဉ်ဘတ်ဂျက်အနေအထားအရ ကတ္တရာလမ်းအဆင့်ကို တဖြည်းဖြည်းတိုးပေးရင်တော့ အဆင်ပြေမှာဖြစ်ပါတယ်။ အဲဒီတော့ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ မြို့နယ်မှာ ဒီလိုအိမ်မက်အရှည်ကြီးမက်ခဲ့ရတဲ့လမ်းနှစ်လမ်းရှိပါတယ်။ တစ်လမ်းကတော့ ကျွန်တော်တို့ လက်ပံတန်း-ကျွန်းလေး-မှော်အင်းလမ်း ဖြစ်ပါတယ်။ အဲဒီလမ်းက အင်္ဂလိပ်ခေတ်တုန်းကတော့ သစ်ထုတ်လုပ်ရေးလမ်းဖြစ်ပါတယ်။ အဲဒီလမ်းကိုလည်းပဲ အခု

**မူကြမ်း**

ဆောက်လုပ်ရေးဝန်ကြီးဌာနက ၂၀၁၂ ပထမအကြိမ်လွှတ်တော်မှာ တင်ပြခဲ့လို့လည်း ဆောက်လုပ်ရေး ဌာနက အပိုင်သိမ်းပြီးတော့ အခု ၂၀၁၆-၂၀၁၇ ဘတ်ဂျက်မှာတော့ အပြီးသတ်ကတ္တရာလမ်းခင်း ပေးပြီးဖြစ်ပါတယ်။ အခုလမ်းဟာလည်းပဲ ကျွန်တော်တို့ ကျေးရွာလူထုက အိမ်မက်မက်နေရတဲ့လမ်း ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ အပိုင်သိမ်းပြီးတော့မှ နှစ်အလိုက်ဘတ်ဂျက်အရ ကတ္တရာလမ်းအဆင့်အဖြစ် တိုးမြှင့်ပေးနိုင်ခြင်းရှိ/မရှိကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်မင်းမှ မေးမြန်းထားတဲ့ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်နှင့် မင်းလှမြို့နယ်တို့ကို ဆက်သွယ်ထားတဲ့ အရှည် ၇ မိုင်ရှိ တောင်ကြို့ကုန်းလမ်းအား ဆောက်လုပ်ရေး ဝန်ကြီးဌာနပိုင်လမ်းအဖြစ် မူလကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်ပေးနိုင်ခြင်းရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် လျာထားသတ်မှတ်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုရန် လေးစားစွာတင်ပြအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်နှင့် မင်းလှမြို့နယ်တို့ကို ဆက်သွယ်ထားတဲ့ တောင်ကြို့ကုန်း-သနာပိုလမ်းဟာ ဆိုရင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင်လမ်းဖြစ်ပြီးတော့ လက်ပံတန်းမြို့နယ်အပိုင်းမှာ ၆ မိုင် ၄ ဖာလုံနဲ့ မင်းလှမြို့နယ်အပိုင်းမှာ ၈ မိုင် ၂ ဖာလုံ စုစုပေါင်း ၁၄ မိုင် ၆ ဖာလုံရှိတဲ့လမ်းဖြစ်ပါတယ်။ အဆိုပါလမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်တဲ့ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ စီမံခန့်ခွဲနေတဲ့ လက်ပံတန်း- လမ်းမတော်- ကန်ကြီးလမ်းရဲ့ မိုင်တိုင်အမှတ်(၂/၇)နှင့် ရှမ်းတော- မင်းလှ- အင်းဘုတ်ကုန်း-မိုးညိုလမ်းရဲ့ မိုင်တိုင်အမှတ်(၄/၀)တို့ကို ဆက်သွယ်ထားတဲ့ လမ်းဖြစ်ပါတယ်။ သို့သော်လည်းပဲ လမ်းနယ်နိမိတ်အကျယ် ရရှိနိုင်မှုကတော့ ပေ ၂၀ ကနေပြီးတော့ ပေ ၄၀ ကြားပဲ ရှိတာကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လမ်းဦးစီးဌာနအနေနဲ့ လမ်းတစ်လမ်းကို လမ်းတိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သတ်မှတ်လမ်းနယ်နိမိတ်များအကျယ်ရရှိမှသာ လုပ်ငန်းများအဆင်ပြေချောမွေ့စွာ

ဆောင်ရွက်နိုင်မှာဖြစ်လို့ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ သတ်မှတ်လမ်းနယ်နိမိတ် အကျယ်ရရှိစေရေးကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ကြို့ကုန်း-သနာပိုလမ်းဟာ လက်ပံတန်းမြို့နယ်နှင့်မင်းလှမြို့နယ်တို့ကို ဆက်သွယ်ထားတဲ့ မြို့နယ်ချင်းဆက်လမ်းဖြစ်လို့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ လမ်းနယ်နိမိတ်အကျယ် ပေ ၁၀၀ ရရှိမယ်ဆိုရင် လမ်းဦးစီးဌာနပိုင်လမ်းအဖြစ် လုပ်ထုံးလုပ်နည်းနှင့်အညီ လွှဲပြောင်းလက်ခံ ဆောင်ရွက် ပေးနိုင်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ လုပ်ထုံးလုပ်နည်းအနေနဲ့ကတော့ လွှဲပြောင်းလက်ခံ ဆောင်ရွက်ရာမှာ ပထမဦးစွာ သက်ဆိုင်ရာပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကနေပြီးတော့ အဆိုပါလမ်း ကို ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းအဖြစ် လွှဲပြောင်းဆောင်ရွက်ခွင့်ပြုပါရန် ပြည်ထောင်စုအစိုးရ အဖွဲ့သို့ အဆိုပြုတင်ပြရမှာဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ကနေပြီးတော့ သဘောထား မှတ်ချက်တောင်းခံလာတဲ့အချိန်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ လမ်းကိုလွှဲပြောင်းလက်ခံနိုင် ကြောင်း သဘောထားပြန်လည်တင်ပြခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးကော်မတီသို့ တင်ပြ ခြင်းစတဲ့ လုပ်ထုံးလုပ်နည်းအဆင့်ဆင့်ကို ဆောင်ရွက်ပြီးစီးမှသာ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် တိုင်းဒေသကြီးအစိုးရအဖွဲ့ကနေ စီမံခန့်ခွဲတဲ့လမ်းအဖြစ် လွှဲပြောင်းလက်ခံဆောင်ရွက်နိုင်မှာဖြစ်ပြီး တော့ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ရှမ်းပြည်နယ်တောင်ပိုင်း၊ (ဆိုက်ခေါင်-ပွန်ချောင်း-မောက်မယ်)လမ်းပိုင်းမှ အဆင့်မြှင့်တင်ရန် ကျန်ရှိသော (ပွန်ချောင်း-ဆိုက်ခေါင်)အပိုင်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မည်သည့်အဆင့်ထိ မြှင့်တင်ဆောင်ရွက်ပေးမည်နှင့် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းပိုင်းအဆင့်ထိ ဆောင်ရွက် ပေးနိုင်မည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းငေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ ကျန်းမာရွှင်လန်းကြပါ စေကြောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသတစ်ခုလုံး အကျိုးပြုနိုင်မယ့် ဆိုက်ခေါင်-ပွန်ချောင်း-မောက်မယ်လမ်းပိုင်းမေးခွန်းကို မေးမြန်းခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆိုက်ခေါင်-ပွန်ချောင်း-မောက်မယ် လမ်းပိုင်းတွေဟာ ကျွန်တော်တို့ မောက်မယ်မြို့နယ်ကနေတစ်ဆင့် ဟိုနမ့်-ဆိုက်ခေါင်-တောင်ကြီးသို့လည်းကောင်း၊ ဆိုက်ခေါင်-ကျောက်တလုံး-ပင်လောင်း-နေပြည်တော်သို့လည်းကောင်း အချိန်ကုန်သက်သာစွာဖြင့် ဆက်သွယ်သွားလာနိုင်မည့် လမ်းအူကြောင်းတစ်ခုဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့မောက်မယ်မြို့နယ်အပိုင်းမှာ ပွန်ချောင်းအထိ ကတ္တရာခင်းခြင်းလုပ်ငန်း ၁၁ မိုင် ၆ ဖာလုံ ဆောက်ရွက်ပြီးစီးနိုင်ခဲ့ပြီဖြစ်ပါတယ်။ သို့ပေမဲ့ ဆီဆိုင်မြို့နယ်ဘက်ခြမ်းမှာဖြစ်တဲ့ ပွန်ချောင်း-ဆိုက်ခေါင်လမ်းပိုင်းမှာ ဆောင်ရွက်ရန်ကျန်ရှိနေပါတယ်။ ဒီလမ်းပိုင်းဟာဆိုရင် ပွင့်လင်းရာသီမှာ ကုန်ကားကြီးများ အနည်းငယ်ပဲသွားလာနိုင်ပါတယ်။ မိုးတွင်းကာလဆိုရင်တော့ အဆိုးဝါးဆုံးအခြေအနေဖြစ်ပြီး Four Wheel ယာဉ်များ၊ ထရန်စဖော်မာတပ်ယာဉ်များ အားလုံး ဗွက်နစ်ကြရတဲ့လမ်းပိုင်းဖြစ်ပါတယ်။ နှစ်ပေါင်းများစွာ ဗွက်မြေပေါက်ခဲ့တဲ့လမ်းဖြစ်တဲ့အတွက် မိုးရွာတာနဲ့သွားရတာမလွယ်ကူတဲ့အနေအထားမျိုး ဖြစ်ပါတယ်ခင်ဗျား။ ကျောက်ချောလမ်းပိုင်းအဆင့်ထိ ကောင်းမွန်စွာမရောက်ရှိသေးတဲ့အတွက် ဒေသခံတွေက ဒီလမ်းပိုင်းကိုအလျင်အမြန် ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြတောင်းဆိုကြပါတယ်။ အကယ်၍ ဤလမ်းပိုင်းအဆင့်မြှင့်ဆောင်ရွက်ပြီးပါက ကျွန်တော်တို့လင်းခေးခရိုင်အတွင်းရှိ မြို့နယ်များနှင့် မိုင်းတုံ၊ မိုင်းဆတ် ရှမ်းအရှေ့ပိုင်းဒေသများအထိ အကျိုးပြုသွားလာနိုင်မှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ နေပြည်တော်သို့ လျင်မြန်စွာဆက်သွယ်နိုင်မယ့် အတိုဆုံးလမ်းပိုင်းတစ်ပိုင်းဖြစ်ပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ ပွန်ချောင်း- ဆိုက်ခေါင်လမ်းပိုင်းကို အလျင်အမြန်အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။ အောက်ပါမေးခွန်းများကိုလည်း ရိုသေစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

မေးခွန်း(၁) ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဆိုက်ခေါင်-ပွန်ချောင်း-မောက်မယ်လမ်းပိုင်းမှ အဆင့်မြှင့်တင်ရန်ကျန်ရှိသော ပွန်ချောင်း-ဆိုက်ခေါင် လမ်းအပိုင်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မည်သည့်အဆင့်အထိ မြှင့်တင်ဆောင်ရွက်ပေးနိုင်မည်နည်း။ မေးခွန်း(၂) မည်သည့်ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းပိုင်းအဆင့်အထိ ဆောင်ရွက်ပေးနိုင်မည်နည်း။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မောက်မယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဦးစိုင်းဝေါင်းဆိုင်ဟိန်းမှမေးမြန်းထားတဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ (ဆိုက်ခေါင်-ပွန်ချောင်း-မောက်မယ်)လမ်းပိုင်းမှာဆိုရင် အဆင့်မြှင့်တင်ရန်ကျန်ရှိတဲ့ (ပွန်ချောင်း-ဆိုက်ခေါင်) အပိုင်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ မည်သည့်အဆင့်ထိ မြှင့်တင်ဆောင်ရွက်ပေးမည်နည်း။ မည်သည့်ဘဏ္ဍာရေးနှစ်အတွင်း ကတ္တရာလမ်းပိုင်းအဆင့်အထိ ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်းနဲ့ပတ်သက်ပြီးတော့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်အတွင်းမှာရှိတဲ့ ဆိုက်ခေါင်-ပွန်ချောင်းလမ်းအပိုင်းဟာဆိုရင် မိုင်တိုင်(၀/၀)ကနေပြီးတော့(၁၈/၁)အထိ ၁၈ မိုင် ၁ ဖာလုံရှည်လျားပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကနေ စီမံခန့်ခွဲတဲ့လမ်းဖြစ်ပါတယ်။ ၃၀-၃-၂၀၁၆ လမ်းအခြေအနေကတော့ ကတ္တရာလမ်းအဆင့် ၅ မိုင်၊ ကျောက်လမ်းအဆင့် ၄ မိုင် ၅ ဖာလုံနှင့် အမာခံလမ်းအဆင့် ၈ မိုင် ၄ ဖာလုံ စုစုပေါင်း ၁၈ မိုင် ၁ ဖာလုံဖြစ်ပါတယ်။ ဆိုက်ခေါင်-ပွန်ချောင်းလမ်းပိုင်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်း/ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေကျပ် ၆၄၇.၀၂၅ သန်းနဲ့ ၃၄ ပေအကျယ် လမ်းတာပေါင်ချဲ့ခြင်းက ၇ မိုင် ၅ ဖာလုံ၊ အမာခံလမ်းပျက်အားပြုပြင်ခြင်း ၈ မိုင် ၄ ဖာလုံ၊ အမာခံလမ်းကနေပြီးတော့ ကျောက်ခင်းလမ်းခင်းခြင်း ၃ မိုင် ၃ ဖာလုံ၊ ကျောက်လမ်းပျက်အား ပြုပြင်ခြင်း ၁ မိုင် ၇ ဖာလုံ စသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်ထိ ၇၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးဖြစ်ပါတယ်။ လုပ်ငန်းများအားလုံးဆောင်ရွက်ပြီးပါက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကုန်မှာ ကတ္တရာလမ်းအဆင့် ၅ မိုင်၊ ကျောက်လမ်းခင်းအဆင့် ၈ မိုင်နှင့် အမာခံလမ်းအဆင့် ၅ မိုင် ၁ ဖာလုံသို့ ရောက်ရှိသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာဆိုရင် မိုင်တိုင်(၅/၀)ကနေပြီးတော့ (၉/၁) အထိ ကျောက်လမ်း ၄ မိုင် ၁ ဖာလုံကို ကတ္တရာလမ်းအဆင့်တိုးမြှင့်ခြင်း၊ တံတားနှင့်ရေပြွန်တည်ဆောက်ခြင်း ၂၈ စင်း စတဲ့လုပ်ငန်းများဆောင်ရွက်နိုင်ရန် ရန်ပုံငွေတင်ပြတောင်းခံထားရှိပြီးတော့ ရန်ပုံငွေရရှိမှုအပေါ်မှာမူတည်ပြီးတော့ လုပ်ငန်းများဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ရန်ပုံငွေရရှိမယ်ဆိုရင်တော့ ကတ္တရာလမ်း ၉ မိုင်ဖြစ်သွားမှာဖြစ်ပါတယ်။ ကျန်ရှိတဲ့ မိုင်တိုင်(၉/၁)ကနေပြီးတော့ (၁၈/၁)အထိ ကျောက်ချောလမ်း ၉ မိုင်ကိုတော့ ရာသီမရွေးသွားလာနိုင်တဲ့ ကျောက်ချောလမ်းအဆင့်အထိ ဆက်လက်ထိန်းသိမ်းဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**မူကြမ်း**

**မြောက်ဥက္ကလာပမြို့နယ်သို့ အဓိကဝင်ရောက်ရာ ခုံးကျော်တံတားကို ပါရမီခုံးကျော်တံတားကဲ့သို့ ခိုင်ခံ့ကောင်းမွန်ပြေပြစ်သော တံတားအသစ်တစ်စင်းတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြောက်ဥက္ကလာပမဲဆန္ဒနယ် ဒေါက်တာသန်းဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာသန်းဝင်း(မြောက်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြောက်ဥက္ကလာပမဲဆန္ဒနယ်က ကျွန်တော် ဒေါက်တာသန်းဝင်း အနေနဲ့ မြောက်ဥက္ကလာပမြို့နယ်ကို ဝင်/ထွက်သွားလာရာမှာ အဓိကအသုံးပြုရတဲ့ ခုံးကျော်တံတားကိစ္စကို မေးမြန်းမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြောက်ဥက္ကလာပမြို့နယ်သို့ ဝင်/ထွက်သွားလာရာမှာ အသုံးပြုတဲ့ အဓိကခုံးကျော်တံတားဖြစ်သော အုတ်ပုံဆိပ်မီးရထား ခုံးကျော်တံတားကို လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀ ကျော်ခန့်က တည်ဆောက်ထားရှိခဲ့တယ်လို့ သိရှိရပါတယ်။ ၎င်းတံတားကို မူလ တည်ဆောက်စဉ်ကပင် ပါရမီခုံးကျော်တံတားကဲ့သို့သော အခြားခုံးကျော်တံတားများကဲ့သို့ ပုံသဏ္ဌာန် စနစ်တကျမရှိသဖြင့် တည်ဆောက်ပြီးစအချိန်ကပင် မီးသတ်ယာဉ်တစ်စီး ပြုတ်ကျလုမတတ်ဖြစ်ခဲ့ရပါတယ်။ ၎င်းခုံးကျော်တံတားကိုအသုံးပြုပြီးတော့ ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ အခြားမြို့နယ်များက လိုင်းကားများအပါအဝင် မော်တော်ယာဉ်မျိုးစုံဟာ မြောက်ဥက္ကလာပမြို့နယ်အတွင်းသို့ နိစ္စဓူဝ ဖြတ်သန်းသွားလာနေကြရပြီး ရန်ကုန်ဆေးတက္ကသိုလ်(၂)ရဲ့ သင်ကြားရေးဆေးရုံကြီးဖြစ်ပြီးတော့ အထွေထွေရောဂါကုဆေးရုံကြီးဖြစ်တဲ့ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၊ အောင်မင်္ဂလာအဝေးပြေး ကားဂိတ်၊ အမှတ်(၃)လမ်းမကြီးနှင့် ရေဝေးသုဿာန်များသို့ သွားလာအသုံးပြုနေကြရပါတယ်။ ဤအချက်ကိုကြည့်ခြင်းအားဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ဒီတံတားဟာ မဟာဗျူဟာကျတဲ့ တံတားဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်။ ယခုအခါ အဆိုပါမဟာဗျူဟာကျတဲ့ အုတ်ပုံဆိပ်မီးရထား လမ်းကူးခုံးကျော်တံတားဟာ ယိုယွင်းပြီးတော့ ကြံ့ခိုင်မှုနည်းပါးနေပါသဖြင့် နေ့စဉ်အသုံးပြုနေရသော ပြည်သူများအတွက် လုံခြုံစိတ်ချရမှုမရှိဖြစ်နေပါတယ်။ တံတားပေါ်မှာလည်း ယာဉ်ပြုတ်ကျမှုများ လည်းရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ ကျွန်တော် မေးချင်တာကတော့ မြောက်ဥက္ကလာပ မြို့နယ်သို့ အဓိကဝင်ရောက်ရာ ခုံးကျော်တံတားကို ပါရမီခုံးကျော်တံတားကဲ့သို့ ခိုင်ခံ့ကောင်းမွန် ပြေပြစ်သော တံတားအသစ်တစ်စင်းအဖြစ် ပြုပြင်တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်

ရှိပါက မည်သည့်အချိန်ကာလတွင် တည်ဆောက်ပေးနိုင်မည်ကို သိရှိလိုပါ၍ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်းမှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ မေးမြန်းထားတဲ့ မြောက်ဥက္ကလာပမြို့နယ်သို့ အဓိကဝင်ရောက်ရာ ခုံးကျော်တံတားကို ပါရမီခုံးကျော်တံတားကဲ့သို့ ခိုင်ခံ့ကောင်းမွန်ပြီးတော့ ပြေပြစ်သောတံတားအသစ်တစ်စင်းတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင် တည်ဆောက်ပေးနိုင်မည်နဲ့ စပ်လျဉ်းတဲ့မေးခွန်းအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုရန် တင်ပြအပ်ပါတယ်။ မြောက်ဥက္ကလာပမြို့နယ်သို့ အဓိကဝင်ရောက်ရာ ခုံးကျော်တံတားဟာဆိုရင် မြန်မာ့မီးရထားကနေပြီးတော့ ၁၉၇၆ ခုနှစ်မှာ တာဝန်ယူတည်ဆောက်ခဲ့တဲ့တံတားဖြစ်ပါတယ်။ ခုံးကျော်တံတားပေအရှည် ၄၅၄ ပေ နှစ်လမ်းသွားတံတားဖြစ်ပြီးတော့ ချဉ်းကပ်လမ်းအပါအဝင် ၇၉၈ ပေ ဖြစ်ပါတယ်။ အဆိုပါ ခုံးကျော်တံတားကို မြန်မာ့မီးရထားမှ ကြံ့ခိုင်မှုစစ်ဆေးပြီးတော့ လိုအပ်သည်များကို ပြင်ဆင်ထိန်းသိမ်းလျက်ရှိပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်တွင် ဖော်ပြထားချက်အရ အဆိုပါ မြောက်ဥက္ကလာပမြို့နယ်သို့ အဓိကဝင်ရောက်ရာ ခုံးကျော်တံတားကို ပါရမီခုံးကျော်တံတားကဲ့သို့ ခိုင်ခံ့ကောင်းမွန်ပြေပြစ်သော တံတားအသစ်တစ်စင်းအဖြစ် တည်ဆောက်နိုင်ရန်အတွက် နိုင်ငံတော်ဘတ်ဂျက်မှကျခံပြီး တည်ဆောက်ပေးရမှာဖြစ်ပါကြောင်း။ သို့သော်လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေတွင် မဖြစ်မနေလိုအပ်သော အဓိကလုပ်ငန်းများဆောင်ရွက်ရန်နှင့် ပေးချေရန် ကျန်ရှိသည့်လုပ်ငန်းများအတွက်သာ ဘဏ္ဍာငွေလုံလောက်မှုရှိပါသဖြင့် ယခု မေးမြန်းထားတဲ့ကားလမ်းကူးခုံးကျော်တံတားကို တည်ဆောက်ပေးနိုင်ရန် အစီအစဉ်မရှိသေးပါကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ။** ။ မိုက်ပေးပါ။

**မူကြမ်း**

**ဒေါက်တာသန်းဝင်း(မြောက်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးခွင့်ပြုပါခင်ဗျား။ ဒီ မြောက်ဥက္ကလာပ ခုံးကျော်တံတားက ကြံ့ခိုင်မှုနည်းပြီးတော့ ယိုယွင်းမှုရှိနေတာ အမှန်ပဲဖြစ်ပါတယ်။ အဲဒါကြောင့် ဒီ ပြည်သူများအတွက် လုံခြုံစိတ်ချရမှုမရှိဖြစ်နေတဲ့ အဓိကခုံးကျော်တံတားဖြစ်တဲ့ ဒီတံတားရဲ့လုံခြုံမှုနဲ့ စိတ်ချရမှုအတွက်ကို၊ ကြံ့ခိုင်မှုအတွက်ကို သက်ဆိုင်ရာက မည်သို့တာဝန်ယူဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ တစ်ဆက်တစ်စပ်တည်းမေးခွန်းအဖြစ် ဆက်လက်မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လွှတ်တော် ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့မေးမြန်းချက်ကို ကျွန်တော့်အနေနဲ့ မှတ်သားပြီးတော့ ရန်ကုန် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြပြီးတော့ ရရှိလာတဲ့အဖြေကို ဥက္ကဋ္ဌမှတစ်ဆင့် ပြန်လည်ဖြေကြား မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ပူတာအိုခရိုင်အတွင်းရှိ ပြည်ထောင်စုလမ်းဖြစ်သော မြစ်ကြီးနား-ဆွမ်ပရာဘွမ်- ပူတာအို-မော်တော်ကား လမ်း ၂၁၈ မိုင်အား ယာဉ်ကြီး၊ ယာဉ်ငယ်များ ရာသီမရွေးသွားလာနိုင်ရန် တည်ဆောက်ပေးနိုင်ရေး အစီအစဉ်ရှိ/မရှိနှင့် မိုင်တိုင် (၉၂/၀)မှ (၁၆၁/၀)ကြားရှိ အဆိုးဆုံးရွှံ့ဗွက်တန်းကို မည်သည့်စီမံကိန်းမျိုး ဖြင့် ဆောင်ရွက်ပေးမည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမိုးရွှေ(ပူတာအိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ဧည့်သည်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ပူတာအိုမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးမိုးရွှေ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းလိုသည်မှာ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုပြည်ထောင်စုလမ်းမကြီးအား ရာသီမရွေးမော်တော်ကားကြီး၊ ကားငယ်သွားလာနိုင်သောလမ်းအဖြစ် တည်ဆောက်ပေးဖို့အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းပြီး မေးမြန်း သွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုပြည်ထောင်စုလမ်းမကြီးသည် မိုင်ပေါင်းအားဖြင့် ၂၁၈ မိုင်ရှိသောကားလမ်းမကြီးဖြစ်ပြီး ပူတာအိုခရိုင်တစ်ခုလုံးရှိ ပြည်သူလူထုများ၏ အသက်သွေးကြောသဖွယ်တည်ရှိပြီး အရေးကြီးလှသော ပြည်ထောင်စုလမ်းမကြီးဖြစ်ပါသည်။ သို့သော် မြစ်ကြီးနား- ဆွမ်ပရာဘွမ်-ပူတာအို ပြည်ထောင်စုလမ်းမကြီးသည် နှစ်ပေါင်းများစွာတည်ရှိခဲ့ရာ ၂၀၁၆ ခုနှစ် စက်တင်ဘာလအလယ်အထိ နွေ၊ မိုး၊ ဆောင်း ရာသီမရွေး မော်တော်ကားကြီး/ကားငယ် သွားလာနိုင်သောလမ်းအဖြစ် တည်ဆောက်ပေးနိုင်ခြင်းမရှိခဲ့သောကြောင့် ပူတာအိုခရိုင်ရှိ ဒေသခံပြည်သူလူထုများမှာ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးများနှင့် ဒေသဖွံ့ဖြိုးမှုအင်မတန်နောက်ကျခဲ့ရတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြစ်ကြီးနား- ဆွမ်ပရာဘွမ်-ပူတာအိုပြည်ထောင်စုလမ်းမကြီးသည် ပွင့်လင်းရာသီတွင်သာ ကုန်ကားကြီးများ သွားလာနိုင်ပြီး မိုးရာသီကာလတွင် ကုန်ကားကြီးများ သွားလာနိုင်ခြင်းမရှိသောကြောင့် ဒေသခံပြည်သူများမှာ စားသုံးကုန်များကို လေယာဉ်ဖြင့်သာ ပစ္စည်းတင်ခဈေးကြီးစွာဖြင့် သယ်ယူစားသုံးနေရသောကြောင့် မိုးတွင်းအချိန်တွင် ဆန်နှင့်ဆီဗူးတစ်ခွက်ကို ၃၅၀ ကျပ်၊ ကြက်သွန်နီ တစ်ပိဿာ ၄၅၀၀ ကျပ်၊ ကြက်သွန်ဖြူတစ်ပိဿာ ၆၀၀၀ ကျပ်၊ ခရမ်းချဉ်သီးတစ်ပိဿာ ၃၅၀၀ ကျပ်၊ အိုင်အိုဒင်းဆား တစ်ကီလိုဂရမ် တစ်ထုပ် ၅၀၀ ကျပ်ဖြင့် ဈေးကြီးစွာဝယ်စားသုံးနေရတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point ပြခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါသည်။ မိုင်(၉၂)မိုင်မှ (၁၀၀)ကြားရှိ မိုင်ထောင်အဝင်ရွှံ့ဗွက်တန်းဖြစ်ပါတယ်။ မိုင်တိုင်(၁၃၃)မှ (၁၃၄) ကြားရှိရွှံ့ဗွက်တန်း ဖြစ်ပါတယ်။ မိုင်တိုင်(၁၄၅)မှ (၁၄၆)ကြားရှိ အင်ကောမ ရွှံ့ဗွက်တန်းဖြစ်ပါတယ်။ မိုင်တိုင် (၁၄၉) မှ (၁၅၀) ကြား ရွှံ့ဗွက်တန်း လက်ပံချောင်းနဲ့ ငှက်ပျောတောဖြစ်ပါတယ်။ မိုင်တိုင်(၁၅၈)မှ (၁၆၁)ကြား ခင်တူယန် ရွှံ့ဗွက်တန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု Power Point တွင် တင်ပြသောမိုင်တိုင်(၉၂)မှ(၁၆၁)မိုင်ကြားရှိ အဆိုးဆုံးရွှံ့ဗွက်တန်းမှာ ခုနစ်မိုင်ခန့်ရှိပြီး မှတ်တမ်းဓာတ်ပုံကို ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် ရိုက်ကူးခဲ့သော မှတ်တမ်းဓာတ်ပုံဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော်မေးမြန်းလိုသည်မှာ (၁) မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ပြည်ထောင်စုလမ်းမကြီးအား မော်တော်ကားကြီး/ကားငယ် ရာသီမရွေးသွားလာနိုင်ရန် တည်ဆောက်ပေးဖို့ အစီအစဉ်ရှိ/မရှိ၊ (၂) ၎င်းပြည်ထောင်စုလမ်းမကြီးပေါ်ရှိ အဆိုးဆုံး ရွှံ့ဗွက်တန်းကို မည်ကဲ့သို့ စီမံကိန်းအမျိုးအစား ဆောင်ရွက်ပေးမည်နည်း။ (၃) ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်ကုမ္ပဏီ အမျိုး

အစားဖြင့် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်။ (၄) ဆောင်ရွက်ပေးပါက မည်သည့်အချိန်မှစပြီး မည်သည့် အချိန်ကာလတွင် ပြီးစီးအောင်ဆောင်ရွက်ပေးမည်ကို သိလိုသောကြောင့် မဲဆန္ဒရှင်ပြည်သူများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ ပူတာအိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးရွှေမှ မေးမြန်းထားတဲ့ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ၂၁၈ မိုင်အား ယာဉ်ကြီး/ယာဉ်ငယ် ရာသီမရွေး သွားလာနိုင်ရန် တည်ဆောက်ပေးနိုင်ရေး အစီအစဉ်ရှိ/မရှိနဲ့ မိုင်တိုင်(၉၂/၀)ကနေပြီးတော့ (၁၆၁/၀) ကြားရှိ အဆိုးဆုံးရွှံ့ဗွက်တန်းကို မည်သည့်စီမံကိန်းမျိုးဖြင့် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် ၎င်းလမ်းအား မည်သည့်ကုမ္ပဏီအမျိုးအစားမှ ဆောင်ရွက်ပေးမည်နည်း၊ ဆောင်ရွက်မည်ဆိုပါက မည်သည့်အချိန်မှာ မည်သည့်ခုနှစ်တွင် အပြီးဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနဲ့စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုရန် တင်ပြအပ်ပါတယ်။ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းဟာဆိုရင် မြစ်ကြီးနားမိုင်တိုင်(၀/၀)ကနေပြီးတော့ ပူတာအိုမိုင်တိုင်(၂၁၈/၀)အထိ ၂၁၈ မိုင်ရှည်လျားပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ကနေ စီမံခန့်ခွဲတဲ့လမ်းဖြစ်ပါတယ်။ ၃၁-၃-၂၀၁၆ ရက်နေ့ လမ်းအခြေအနေကတော့ ကွန်ကရစ်လမ်း ၁၁ မိုင် ၂ ဖာလုံ၊ ကတ္တရာလမ်း ၆၇ မိုင် ၆ ဖာလုံ၊ ကျောက်လမ်း ၃၈ မိုင် ၇ ဖာလုံ၊ အမာခံလမ်း ၈၈ မိုင် ၁ ဖာလုံနဲ့ မြေလမ်း ၁၂ မိုင်ဖြစ်ပါတယ်။ တံတားများအနေနဲ့ ပေ ၅၀ အောက်တံတား ၈၈၀ စင်း၊ ပေ ၅၀ ကနေပြီးတော့ ပေ ၁၀၀ ကြားတံတား ၂၀ စင်း၊ ပေ ၁၀၀ ကနေပြီးတော့ ၁၈၀ ပေကြားတံတား ၁၂ စင်း၊ ပေ ၁၈၀ နှင့်အကြား ၁၁ စင်း စုစုပေါင်း အဲဒီလမ်းမကြီးပေါ်မှာတံတားပေါင်း ၉၂၃ စင်း ရှိပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာဆိုရင် ပြည်ထောင်စု ပြည်နယ်ရန်ပုံငွေကျပ် ၁၂၁၀၃.၉၅ သန်းနှင့် ဆောင်ရွက်ရန်လျာထားမှုကတော့ ၃၄ ပေအကျယ် တာပေါင်ချဲ့ပြီးတော့ ၂၃ ပေအကျယ် ကတ္တရာလမ်း ခင်းခြင်းလုပ်ငန်း ၃ မိုင်၊ ၁၆ ပေအကျယ် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ၄ မိုင် ၆ ဖာလုံ၊ ၂၃ ပေအကျယ်ကျောက်လမ်းခင်းခြင်းလုပ်ငန်း ၆ မိုင် ၇ ဖာလုံ၊ ၃၄ ပေအကျယ် တောင်ချဲ့ခြင်းလုပ်ငန်း

၂၂ မိုင် ၇ ဖာလုံ၊ ၂၃ ပေအကျယ် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ၅ မိုင် ၇ ဖာလုံ၊ ၁၆ ပေအကျယ် ကတ္တရာလမ်းချဲ့ပြီးတော့ ထပ်ပိုးလွှာခင်းခြင်း ၅ မိုင် ၄ ဖာလုံနဲ့ လမ်းအနိမ့်အမြင့်ညှိပြီးတော့ ရေပိတ်လွှာလောင်းခြင်းလုပ်ငန်း ၈ မိုင် ၄ ဖာလုံ၊ မိုင် ၁၆၃/၀ မှာရှိတဲ့ ခင်ဒူယန်ချောင်းအား ရေကျော်ယာဉ်သွားလမ်းတစ်ခုနဲ့ ပေ ၂၆၀ အရှည် အင်စွတ်တံတားအား သံကူကွန်ကရစ်တံတားအဖြစ်တည်ဆောက်ခြင်းလုပ်ငန်း၊ ရေပြွန်တည်ဆောက်ခြင်းလုပ်ငန်း ၁၆ စင်း၊ ပေ ၃၀ အကျယ်ကွန်ကရစ်တံတားချဲ့ခြင်းလုပ်ငန်း အစင်း ၂၀၊ ပေ ၆၀ အရှည် သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းနှစ်စင်း၊ ပေ ၁၂၀ အရှည် သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းတစ်စင်း စတဲ့လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ပြည်နယ်ရန်ပုံငွေကျပ် ၇၀၂၆.၁၅ သန်းနဲ့ မြစ်ကြီးနား- ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပေါ်ရှိတဲ့ ဆိုးရွားစွာပျက်တန်းဖြစ်နေတဲ့ မိုင်တိုင်(၈၇/၀)နဲ့ မိုင်တိုင်(၁၀၀/၄) အတွင်းမှာရှိတဲ့နေရာနဲ့ မိုင်(၁၄၄/၆)မှ(၁၅၂/၄)အတွင်းရှိ စုစုပေါင်း ဆိုးရွားတဲ့ ၆ မိုင် ၅ ဖာလုံအား ၃၄ ပေအကျယ် တောင်နံရံချဲ့ပြီးတော့ ၁၈ ပေအကျယ် ကွန်ကရစ်လမ်းအား ကွန်ကရစ်ရေမြောင်း ကျောက်စီမြေကာနံရံများအပါအဝင် ပူးတွဲဆောင်ရွက်လျက်ရှိပါတယ်။ ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ မိုင်တိုင်(၉၂/၀)ကနေပြီးတော့ (၁၆၁/၀)အတွင်း အဆိုးဆုံး ပျက်တန်းနေရာဖြစ်တဲ့ မိုင်တိုင်(၉၉/၀)ကနေပြီးတော့ (၁၀၀/၄)အတွင်း ၁ မိုင်နှင့် ၄ ဖာလုံအား မန်းပြည်တံခွန်ကုမ္ပဏီ မိုင်တိုင်(၁၅၁/၀)ကနေပြီးတော့ (၁၅၂/၂)အတွင်း ၁ မိုင် ၂ ဖာလုံအား ဇင်းနစ်တိုးအောင်ကုမ္ပဏီ မိုင်တိုင်(၁၄၄/၆)ကနေပြီးတော့ (၁၄၅/၆)အတွင်း ၁ မိုင်နှင့် မိုင်(၁၅၀/၀)နှင့် (၁၅၁/၀)အတွင်းရှိ ၁ မိုင်အား လမ်းအထူးအဖွဲ့(၁) လမ်းဦးစီးဌာနတို့ကနေပြီးတော့ တာဝန်ယူပြီးတော့ လမ်းပိုင်းအလိုက် တောင်နံရံချဲ့ခြင်း၊ ၁၈ ပေအကျယ်ကွန်ကရစ်လမ်းခင်းခြင်းနှင့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ မိုးတွင်းကာလမှာဆိုရင် မော်တော်ယာဉ်များအဆင်ပြေစွာသွားလာနိုင်ရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေနဲ့ ဆောင်ရွက်နေတဲ့လုပ်ငန်းများမှာဆိုရင်တော့ မိုင်တိုင်(၅၃/၀)ကနေပြီးတော့ (၁၆၈/၀)အတွင်းမှာရှိတဲ့ သစ်သားတံတားငယ် ၁၉၀ အားလည်း ပြုပြင်သွားမှာဖြစ်ပါတယ်။ မြစ်ကြီးနား- ဆွမ်ပရာဘွမ်-ပူတာအိုလမ်းအား လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနတို့ လမ်းပိုင်းအလိုက် လမ်းတံတားများကို အဆင့်မြှင့်တင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိတဲ့အပြင် ကုမ္ပဏီကိုးခုအား လုပ်ငန်းတင်ဒါစနစ်နဲ့ လမ်းတံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိစေရာ လုပ်ငန်းများပြီးစီးပါက မြစ်ကြီးနားမိုင်တိုင်(၀/၀)ကနေပြီးတော့ တရန်စွတ်ရွာ မိုင်တိုင်(၅၃/၀)အထိ ၅၃ မိုင်နှင့် စွန်ပီရန်ရွာ မိုင်တိုင်(၁၈၈/၆) ကနေပြီးတော့ ပူတာအိုမိုင်တိုင်(၁၁၈/၀)အထိ ၄၉ မိုင် ၂ ဖာလုံ အားလုံးစုစုပေါင်း ၁၀၂ မိုင် ၂ ဖာလုံဟာဆိုရင်

ကတ္တရာလမ်း၊ ကွန်ကရစ်လမ်းများအဖြစ် တစ်ဆက်တစ်စပ်တည်း ကောင်းမွန်စွာသွားလာနိုင်တော့မှာ ဖြစ်ပြီးတော့ မိုင်တိုင်(၅၃/၀)နဲ့ (၁၇၀/၀)အတွင်းမှာရှိတဲ့ ဆိုးရွားစွာ ပျက်စီးပြီးတော့ ဗွက်တန်းဖြစ်ပေါ် နေတဲ့နေရာများတွင်လည်း ကွန်ကရစ်လမ်းများအဖြစ် ကောင်းမွန်စွာ သွားလာနိုင်တော့မှာ ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကုန် ၃၁-၃-၂၀၁၇ ရက်နေ့မှာဆိုရင် ဖြစ်ပေါ်လာမယ့်လမ်း အခြေအနေကတော့ ကွန်ကရစ်လမ်းအဆင့် ၁၈ မိုင်၊ ကတ္တရာလမ်းအဆင့် ၈၀ မိုင်၊ ၄ ဖာလုံ ကျောက်လမ်းအဆင့် ၃၇ မိုင် ၆ ဖာလုံ၊ အမာခံလမ်းအဆင့် ၈၁ မိုင် ၆ ဖာလုံရှိလာမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြစ်ကြီးနား- ဆွမ်ပရာဘွမ်-ပူတာအိုလမ်းအား ရာသီမရွေးသွားလာ နိုင်သော လမ်းအဆင့်ရောက်ရှိနိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ စီမံချက်များ ရေးဆွဲပြီးတော့ ရန်ပုံငွေတင်ပြတောင်းခံပြီး ဆောင်ရွက်သွားမှာဖြစ်ရာ ခွင့်ပြုရန်ပုံငွေများရရှိပါက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကုန်မှာဆိုရင် ရာသီမရွေးသွားလာနိုင်သော လမ်းအဆင့်သို့ ရောက်ရှိမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမိုးရွှေ(ပူတာအိုမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ ယခု ပြည်ထောင်စုဝန်ကြီးမှ မြစ်ကြီးနား- ဆွမ်ပရာဘွမ်-ပူတာအို ပြည်ထောင်စုလမ်းမကြီး ဆောင်ရွက်ခြင်းလုပ်ငန်းများကို ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့အတွက် တီဗွီ ဖန်သားပြင်မှ ကြည့်ရှုနေသော ဒေသခံမဲဆန္ဒရှင်ကိုယ်စား ပြည်ထောင်စုဝန်ကြီးအား ကျေးဇူးတင်ရှိပါ တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ပြည်ထောင်စုလမ်းမကြီးအား ပြည်ထောင်စုဝန်ကြီး၏ Power Point တွင် မြင်ရသလို ဆောင်းရာသီပွင့်လင်းချိန်တွင် နှစ်စဉ် နှစ်တိုင်းကောင်းလျက်ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ကချင်ပြည်နယ်မြောက်ပိုင်းဒေသတွင် မိုးများ သောကြောင့် အစဉ်အလာပဲပြောရမလား၊ လမ်းအထူးဆောက်လုပ်ရေးအဖွဲ့ကပဲ စီမံချက်အတိုင်း မဆောင်ရွက်တာလား။ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ပြည်ထောင်စုလမ်းမကြီးသည် နှစ်စဉ် နှစ်တိုင်းမိုးရာသီတွင် ရွှံ့ဗွက်တန်းများ ဖြစ်ပေါ်လာပြီးကားကြီးများ သွားလာနိုင်ခြင်းမရှိပါ။ သို့ဖြစ်ပါ၍ ဆက်စပ်မေးမြန်းလိုသည်မှာ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ပြည်ထောင်စုလမ်းမကြီးအား ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ဆောင်ရွက်မည့်လုပ်ငန်းများကို မိုးမကျမီ ဇွန်လ၊ ဇူလိုင်လတွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ စိစစ်စစ်ဆေးဖို့အစီအစဉ်ရှိ/မရှိ သိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ဝန်ကြီးဌာနအနေနဲ့ မြစ်ကြီးနား- ဆွမ်ပရာဘွမ်-ပူတာအိုလမ်းဟာ ကျွန်တော်တို့ ဌာနရဲ့ ဦးစားပေးအဆင့်အမြင့်ဆုံးမှာရှိတဲ့ လမ်းတစ်လမ်းဖြစ်ပါတယ်။ ဒီပုံတွေက ယခင်ဖြစ်ခဲ့တဲ့ပုံတွေဖြစ်ပါတယ်။ ကျွန်တော်တို့ အခုခေတ် ကျွန်တော်တို့အစိုးရဖြစ်ပြီးခါမှတော့ ဒီလိုလမ်းအခြေအနေမျိုး အဖြစ်မခံပါဘူး။ ကျွန်တော့်အနေနဲ့ တာဝန်ယူပါတယ်။ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုဒီလမ်းဟာဆိုရင် ခုန အဖြစ်မျိုးကြီးနဲ့ မတွေ့ကြုံရတော့ပါဘူး။ ကျွန်တော်တို့ဌာနအနေနဲ့ အတတ်နိုင်ဆုံး၊ အကောင်းဆုံး ရာသီမရွေးသွားလို့ရတဲ့လမ်းဖြစ်အောင် ကျွန်တော်တို့ ကြိုးစားဆောင်ရွက်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဦးသန်းစိုးအောင်၊ ပျဉ်းမနားမဲဆန္ဒနယ်က ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရေးဆွဲထုတ်ပြန်ထားသော ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်အား ပြည်ထောင်စုဝန်ကြီးဌာနအားလုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့အားလုံး လိုက်နာကျင့်သုံးကြပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးသန်းစိုးအောင်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးသန်းစိုးအောင်အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသန်းစိုးအောင်(ပျဉ်းမနားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဝင် ပျဉ်းမနားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စုအစိုးရအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရေးဆွဲထုတ်ပြန်ထားသော ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမယ့်လုပ်ငန်းလမ်းညွှန်အား ပြည်ထောင်စုဝန်ကြီးဌာနအားလုံး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ

အဖွဲ့အားလုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့အားလုံး လိုက်နာကျင့်သုံးကြပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုအား တင်သွင်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီအစိုးရတိုင်းဟာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် နှစ်စဉ်နှစ်တိုင်းရရှိလာမည့် ပြည်သူ့ဘဏ္ဍာငွေများကို ပြည်သူများအတွက် အမှန်တကယ်လိုအပ်နေသော လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံ အစရှိသော အခြေခံလိုအပ်ချက်များကို ဆောက်လုပ်ရေးဆိုင်ရာ စီမံချိန်စီမံကိန်းများနှင့်တွက်ချက်ပြီး ပြည်ထောင်စုလွှတ်တော်ကြီး၏ ခွင့်ပြုချက် ကိုရယူကာ တည်ဆောက်ကြရပါမယ်ခင်ဗျား။ ကျွန်တော်ဟာ ပါတီရဲ့တာဝန်ပေးချက်အရ အစိုးရ ဆောက်လုပ်ရေးလုပ်ငန်းများကို ၂၀၁၃-၂၀၁၄ ဘတ်ဂျက်နှစ်၊ ၂၀၁၄-၂၀၁၅ ဘတ်ဂျက်နှစ်၊ ၂၀၁၅-၂၀၁၆ ဘတ်ဂျက်နှစ်တို့တွင် လေ့လာခဲ့ပါတယ်။ တွေ့ရှိချက်အချို့ကတော့ ဝန်ကြီးဌာနများ၏ ငွေလုံး ငွေရင်းများဖြင့် ဆောက်လုပ်ရေးဆိုင်ရာပစ္စည်းများဝယ်ယူခြင်းနှင့် တည်ဆောက်ရေးဆိုင်ရာ တင်ဒါ ပေးရာတွင် စည်းမျဉ်းစည်းကမ်းများနှင့် ဆောင်ရွက်နေမှုများဟာ တစ်ကြောင်းတစ်ဂါထာ တစ်ရွာ တစ်ပုဒ်ဆန်းတွေချည်း ပွင့်လင်းမြင်သာမှုအားနည်းနေခြင်း၊ လက်သင့်ရာစားတော်ခေါ်နေခြင်း ယခင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမိန့်ဆိုတဲ့အတိုင်း ဆီးသီးဗန်းမှောက်ကျနေခြင်းတို့ကို လေ့လာတွေ့ရှိခဲ့ ရပါတယ်။

ထို့နောက် ကျွန်တော်ဟာ ၂၀၁၆ ခုနှစ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဝင်အဖြစ်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများအား ဆွေးနွေးမှုတွင် တင်ဒါစနစ်အတွက် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းရန် ဥပဒေ၊ နည်းဥပဒေများ ရေးဆွဲနေစဉ် လုပ်ငန်းလမ်းညွှန်ထုတ်ပြန်ပေးရန် ဆွေးနွေးခဲ့ကြပါတယ်။ ဆောက်လုပ် ရေးဝန်ကြီးဌာနမှလည်း ဥပဒေ၊ နည်းဥပဒေများ ရေးဆွဲနေစဉ် လုပ်ငန်းများဆောင်ရွက်ရာ၌ စံချိန် စံညွှန်းများပြည့်မီရန်၊ ပွင့်လင်းမြင်သာမှုရှိရန် ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်းအား ထုတ်ပြန်ထားပါကြောင်း၊ လိုက်နာဆောင်ရွက်မှု အားနည်းနေပါကြောင်း လုပ်ငန်းလမ်းညွှန်ကို တိတိကျကျလိုက်နာဆောင်ရွက်မှသာ တိုင်းပြည် အမှန်တကယ်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း ပြန်လည်ဆွေးနွေးခဲ့ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရဆောက်လုပ်ရေးလုပ်ငန်း များအား ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမယ့် လုပ်ငန်း

လမ်းညွှန်အကျဉ်းချုပ်ကို တင်ပြရမယ်ဆိုရင် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် UNOPS အကူအညီဖြင့် ဝန်ကြီးဌာနများလိုက်နာကျင့်သုံးရန် ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်မှုကြမ်းကိုပြုစုကာ ဝန်ကြီးဌာနပေါင်းစုံပါဝင်သော အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ပြီး နိုင်ငံတော်သမ္မတရုံး၏ သဘောတူညီချက်ဖြင့် ၉-၁-၂၀၁၄ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးဌာနအားလုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့အားလုံး လိုက်နာကျင့်သုံးကြပါရန် ဖြန့်ဝေခဲ့ပါတယ်။ ထို့နောက် World Bank မှ ကျွမ်းကျင်ပညာရှင်များနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် Works Procurement ခေါင်းစဉ်ဖြင့် ၂၀၁၄ ခုနှစ် မတ်လတွင်လည်းကောင်း၊ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် World Bank ကျွမ်းကျင်ပညာရှင်များနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအပါအဝင် အခြားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ၏ Tender Direct အား ပိုမိုပြည့်စုံကောင်းမွန်စေရန် အလုပ်ရုံဆွေးနွေးပွဲကိုလည်းကောင်း၊ ၂၀၁၅ ခုနှစ် မတ်လတွင် Contract and construction Management Under FIDIC Civil Works Performance ခေါင်းစဉ်ဖြင့်လည်းကောင်း နေပြည်တော်တွင် ကျင်းပခဲ့ကြပါတယ်။ အဆိုပါ ဆွေးနွေးချက်များအပေါ်အခြေခံ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်မည့် လုပ်ငန်းလမ်းညွှန်အား ပြန်လည်ပြင်ဆင်ပြုစုကာ ၁၄-၆-၂၀၁၆ ရက်နေ့တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြခဲ့ရာ ၈-၇-၂၀၁၆ ရက်နေ့တွင် သဘောထားမှတ်ချက်ရရှိခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီအစည်းအဝေးအမှတ်စဉ်(၉/၂၀၁၆)သို့တင်ပြခဲ့ရာ သဘောတူညီမှုကိုရရှိခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးမှ ခွင့်ပြုချက်ရရှိခဲ့သဖြင့် ၆-၉-၂၀၁၆ ရက်နေ့မှစတင်ပြီး ပြည်ထောင်စုဝန်ကြီးဌာနအားလုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖွဲ့အားလုံး လိုက်နာကျင့်သုံးကြပါရန် ဖြန့်ဝေခဲ့ပါတယ်။ အစိုးရဆောက်လုပ်ရေးလုပ်ငန်းများအား ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းလမ်းညွှန်၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာ၌ လွယ်ကူချောမွေ့မြန်ဆန်ရန် တည်ဆောက်ရေးလုပ်ငန်းများ တင်ဒါခေါ်ယူစာချုပ်ချုပ်ရာတွင် လိုက်နာကျင့်သုံးရမည့် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းနိုင်ရန်နှင့် ဝန်ကြီးဌာနအသီးသီးရှိ ကန်ထရိုက်စနစ်ဖြင့် ခွင့်ပြုသည့်လုပ်ငန်းများတွင် တူညီသောမူဝါဒများကို အခြေခံ၍ဆောင်ရွက်ပြီး ဆောက်လုပ်ရေးလုပ်ငန်းများအား လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ရည်ရွယ်ပါတယ်။ ရည်မှန်းချက်(က) အဆင့်အတန်းမူကြမ်း

မြင့်မားသော လုပ်ငန်းသုံးဆိုင်ရာတင်ဒါခေါ်ယူခြင်းလုပ်ငန်းများ ဖြစ်မြောက်စေရေး၊ (၁) မှန်ကန်သော ကုန်ကျစရိတ်ဖြစ်ရန်၊ (၂) အရည်အသွေးပြည့်ဝစေရန်၊ (၃) မလိုလားအပ်သောမသမာမှုများ ကာကွယ်ရန်၊ (ခ) တည်ဆောက်မှုဆိုင်ရာစီးပွားရေးလုပ်ငန်းများ ကောင်းမွန်စွာဖွံ့ဖြိုးတိုးတက်စေရေး အဆိုပါရည်မှန်းချက်များကို အောင်မြင်ရန်အတွက် (၁) တိကျသော တင်ဒါခေါ်ယူခြင်းလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ (၂) ပွင့်လင်းမြင်သာမှုကို တိုးတက်စေခြင်း၊ (၃) ကြီးကြပ်မှု၊ စစ်ဆေးမှုများအား သေချာစွာဆောင်ရွက်စေခြင်း၊ မသမာသော အရည်အသွေးမပြည့်မီသော ပစ္စည်းသွင်းသူများ၊ ကုမ္ပဏီများအား လုပ်ငန်းဆောင်ရွက်ခွင့်မပြုခြင်းဟူသော ရည်ရွယ်ချက်၊ ရည်မှန်းချက်များနှင့် လမ်းညွှန်းအား ထုတ်ပြန်ခဲ့ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုတင်ပြပါ တင်ဒါလမ်းညွှန်အား ပြီးပြည့်စုံမှုတော့ မရှိသေးပါဘူး။ သို့ပေမဲ့လည်း ဥပဒေတစ်ရပ်မထွက်သေးခင်မှာ တတ်နိုင်သရွေ့ ထိန်းထားပေးရန်သာဖြစ်ပါတယ်။ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းများလုပ်ကိုင်ရာ၌ စံချိန်စံညွှန်းများပြည့်မီရန်၊ ပွင့်လင်းမြင်သာမှုရှိရန်အတွက် ဥပဒေတစ်ရပ်ကို ပြည်ထောင်စုလွှတ်တော်ကြီးမှ အမြန်ဆုံးရေးဆွဲနိုင်ရန်လည်း အထူးအရေးကြီးလိုအပ်နေပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြောင်းလဲချိန်တန်ပါပြီ။ တိုင်းပြည်အမြန်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများကလည်း တင်ဒါစည်းမျဉ်းစည်းကမ်းများကို သေချာစွာလေ့လာပြီး မိမိမြို့နယ်အတွင်း ပြည်သူ့ဘဏ္ဍာငွေဖြင့် တည်ဆောက်နေသော ကျောင်းများ၊ ဆေးရုံများ၊ လမ်းများ၊ တံတားများနှင့် အစိုးရစီမံကိန်းများကို ပွင့်လင်းမြင်သာမှုရှိ/မရှိနှင့် အရည်အသွေးပြည့်ဝနိုင်ရန် ပူးပေါင်းပါဝင်ကူညီကာ ဆောင်ရွက်မှသာ ခရိုနီအစ ပွင့်လင်းမြင်သာမှုမရှိသော တင်ဒါကဆိုသော စကားရပ်ကို ကျော်ဖြတ်နိုင်ကာ အဂတိတရားကင်းစင်ပြီး တိုးတက်ဖွံ့ဖြိုးသော နိုင်ငံတော်အဖြစ် အောင်မြင်လာမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စုအစိုးရအား သမ္မတရုံးမှခွင့်ပြုချက်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရေးဆွဲထုတ်ပြန်ထားသော ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်အား ပြည်ထောင်စုဝန်ကြီးဌာနအားလုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖွဲ့အားလုံး လိုက်နာကျင့်သုံးကြပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးစားစွာတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဦးသန်းစိုးအောင် တင်သွင်းမယ့်အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးကျော်မင်းလှိုင်(ဥတ္တရသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဥတ္တရသီရိမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းလှိုင်ဖြစ်ပါတယ်။ ပျဉ်းမနားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ခင်ဗျား။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ ရည်ရွယ်ချက်ကို လေ့လာကြည့်ရရင် နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးအတွက် ဆောင်ရွက်တဲ့ တင်ဒါလုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်ကျစရိတ်များ မှန်ကန်စေရေး၊ အရည်အသွေးပြည့်ဝစေရေးနှင့် မလိုလားအပ်တဲ့ မသမာမှုတွေ ပပျောက်စေရေးတို့ကို ရည်ရွယ်ထားတဲ့ စေတနာကောင်းများကို တွေ့ရပါတယ်။ အဆိုရှင်တင်သွင်းထားတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရေးဆွဲထုတ်ပြန်ထားတဲ့ ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာရမည့်လုပ်ငန်းလမ်းညွှန်ဆိုတာ ကျွမ်းကျင်ပညာရှင်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအပါအဝင် အခြားဝန်ကြီးဌာနတွေ စုစည်းပြီးတော့ မြန်မာနိုင်ငံ Tender Direct အား ပိုမိုပြည့်စုံစွာကောင်းမွန်စေရန် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပရေးဆွဲခဲ့ကြောင်း သိရှိရပါတယ်။ ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်အဖြစ် နိုင်ငံတော်သမ္မတရုံးမှလည်း ထုတ်ပြန်ထားပြီးဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ အဆိုရှင်ရဲ့ ရည်ရွယ်ချက်လည်းဖြစ်တဲ့၊ လုပ်ငန်းလမ်းညွှန်မှာပါတဲ့ ရည်ရွယ်ချက်တွေဖြစ်တဲ့ အဆင့်အတန်းမြင့်မားသောလုပ်ငန်းသုံးဆိုင်ရာ တင်ဒါခေါ်ယူခြင်းလုပ်ငန်းများဖြစ်မြောက်စေရေး၊ တည်ဆောက်မှုဆိုင်ရာစီးပွားရေးလုပ်ငန်းများ ကောင်းမွန်စွာ ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့အချက်တွေနဲ့ ရည်မှန်းထားတာကိုတော့ တွေ့ရပါတယ်။ အဓိကအားဖြင့်တော့ မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် လွယ်ကူချောမွေ့စေရန် တည်ဆောက်ရေးလုပ်ငန်းများ တင်ဒါခေါ်ယူစာချုပ် ချုပ်တယ်၊ လိုက်နာကျင့်သုံးရမည့်ဥပဒေ၊ နည်းဥပဒေတွေကို ပြဋ္ဌာန်းနိုင်ဖို့နဲ့ ဝန်ကြီးဌာနအသီးသီးရှိ ကန်ထရိုက်စနစ်ဖြင့် ခွင့်ပြုတဲ့လုပ်ငန်းတွေကို တူညီသောမူဝါဒများ အခြေခံဆောင်ရွက်ပြီး တည်ဆောက်ရေးလုပ်ငန်းများ လျင်မြန်စွာအကောင်အထည်ဖော်နိုင်ရေးတို့ကိုရည်ရွယ်ထားကြောင်း တွေ့ရှိရပါတယ်ခင်ဗျား။ ဒီစံချိန်စံညွှန်းများအနေနဲ့လည်း ပတ်သက်သောရည်ညွှန်းချက်များအနေဖြင့် မြန်မာ Building Code Volume-1နှင့် Volume-2 ကို

လိုက်နာရမည့် တင်ဒါခေါ်ယူခြင်းလုပ်ငန်း၊ ကန်ထရိုက်ရွေးချယ်ခြင်းလုပ်ငန်း၊ စာချုပ်ချုပ်ဆိုခြင်း လုပ်ငန်းများတွင်လည်း ဥပဒေကြောင်းဆိုင်ရာနှင့်ပတ်သက်သော ရည်ညွှန်းချက်များအနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ Public Works Department Code ကိုလိုက်နာရပါမယ်။ ငွေစာရင်း ဆိုင်ရာကျင့်ထုံးကျင့်စဉ်နည်းလမ်းများကိုလည်း ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန Public Works Account Code ကို လိုက်နာရပါမယ်။ ကနဦးသတ်မှတ်ရန်လိုအပ်သည့် အကြမ်းခင်း ဈေးနှုန်းများ တွက်ချက်ပြုစုရာတွင် လုပ်ငန်းစံချိန်စံညွှန်းများနှင့်ပတ်သက်သော ရည်ညွှန်းချက်များနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လုပ်ငန်းဆိုင်ရာအခြေခံစံနှုန်းများ Analysis of Rates ကို အခြေပြု တွက်ချက်ရမည်လို့ တိကျစွာ ညွှန်ပြထားပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လုပ်ငန်းလမ်းညွှန်နှင့် ပြဋ္ဌာန်းထားသော်လည်း အစိုးရ လုပ်ငန်းဆိုင်ရာ တင်ဒါခေါ်ယူခြင်းတွေမှာ တင်ဒါခေါ်ယူခြင်းစနစ်များ၊ တင်ဒါကြေညာရာတွင်ပါဝင် ရတဲ့အချက်များ၊ လိုက်နာကျင့်သုံးရမည့်အချက်များ၊ တင်ဒါအာမခံကြေးပေးသွင်းခြင်း စိစစ်ရွေးချယ် ခြင်း စတဲ့လုပ်ငန်းတွေမှာ ဌာနအလိုက်အမျိုးမျိုး ကွဲပြားနေတာကို တွေ့ရှိရပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒါတွေဟာ ဌာနတစ်ခုချင်းအလိုက်ကို လုပ်ပိုင်ခွင့်ရနေသလို ဖြစ်နေပါတယ်။ ဒီတင်ဒါဆွဲမယ့် လုပ်ငန်းရှင်တွေအနေနဲ့ကလည်း တာဝန်ရှိသူတွေ၊ လုပ်ပိုင်ခွင့်ရှိသူတွေနဲ့ပေါင်းမှ အလုပ်ရမယ်လို့ ထင်တဲ့ ယဉ်ကျေးမှုတစ်ခုလို ဖြစ်နေပါတယ်။ တင်ဒါအောင်တဲ့ တာဝန်ရှိတဲ့သူတွေနဲ့ ပေါင်းသင်းထားတဲ့ လူနည်းစုကသာ လုပ်ပိုင်ခွင့်တွေကို အဆက်မပြတ်ရနေပါတယ်။ တချို့ ကုမ္ပဏီတွေဆိုရင် လုပ်ပိုင်ခွင့် ရှိသူတွေနဲ့ အဆင်ပြေအောင်ပေါင်း ဒီမြို့တိုင်း၊ နယ်တိုင်းတွေမှာ တင်ဒါလိုက်ဆွဲတယ်။ တင်ဒါ အောင်တော့ ကိုယ်တိုင်လုပ်တာမဟုတ်ဘူး။ အမြတ်ယူပြီးတော့မှ တစ်ဆင့်ပြန်ပေးပြီး ဆင့်ပွား Sub Contract တွေနဲ့ကုန်ကျစရိတ်တွေ တဖြည်းဖြည်းနဲ့များသွားတာကို တွေ့ရပါတယ်။ ဒီလုပ်ပိုင်ခွင့် ရှိသူတွေအနေနဲ့လည်း ကိုယ်နဲ့ပတ်သက်တဲ့သူ မရရအောင် လုပ်ထုံးလုပ်နည်းတွေ အမှတ်ပေး စနစ်တွေကို လိုသလိုသတ်မှတ်ပြီးတော့မှ လုပ်ပေးခဲ့တာတွေလည်း ရှိတယ်လို့ကြားသိရပါတယ်။ ဒီကုမ္ပဏီအများစုတွေအနေနဲ့ကတော့ အခွင့်အရေးမရရှိတော့ခြင်း၊ အလုပ်အကိုင်ရှားပါးခြင်းကြောင့် တစ်ဆင့်ပြန်ယူ အမြတ်ပေးလုပ်ရခြင်းတွေအတွက် ကုန်ကျစရိတ်တွေပိုများပြီးတော့မှ ဒီအရည်အသွေး တွေညံ့ဖျင်းပြီးတော့ ပြည်သူလူထုမှာနစ်နာခဲ့ရပါတယ်။ လုပ်ငန်းလမ်းညွှန်မှာပါတဲ့ မှန်ကန်တဲ့ ကုန်ကျစရိတ်ဖြစ်ဖို့ဆိုတာက ဝေးကွာနေခဲ့ရပါတယ်။ ကန်ထရိုက်စနစ်လုပ်ငန်းတွေကို အရည်အသွေး ပြည့်မီမှုရှိ/မရှိ စစ်ဆေးခြင်းတွေမှာလည်းပဲ တာဝန်ရှိသူများ ပါဝင်ပတ်သက်နေပြီး အကျိုးစီးပွား

ပူးပေါင်းဆောင်ရွက်နေခြင်း၊ တာဝန်ယူခြင်း၊ တာဝန်ခံခြင်းကိုမေ့လျော့ကာ တိကျစွာစစ်ဆေးမှု မရှိခြင်းတို့ကြောင့် လုပ်ငန်းအရည်အသွေးစံချိန်မမီဖြစ်ကာ အလွန်နစ်နာခဲ့ရပါတယ်။ ဒီဆောက်လုပ်ပြီး တစ်နှစ်အတွင်း ပျက်စီးနေတဲ့ စာသင်ကျောင်းများ၊ လမ်းများ၊ အဆောက်အဦများ မြို့တိုင်း၊ နယ်တိုင်း မှာလည်း တွေ့မြင်နေရပြီး ပြင်ဆင်စရိတ်ကို နိုင်ငံတော်ဘတ်ဂျက်ကနေပြီးတော့မှ တောင်းခံနေကြ ရတာတွေလည်း တွေ့ရပါတယ်။ အချို့စာသင်ကျောင်းတွေဆိုရင် သုံးသင့်သုံးထိုက်တဲ့ပစ္စည်းတွေကို မသုံးခြင်း၊ အရည်အသွေးမပြည့်မီခြင်းတို့ကြောင့် ဆောက်လုပ်ပြီး နှစ်အနည်းငယ်အတွင်း ပျက်စီး ပြီးတော့ အန္တရာယ်ကျောင်းဆောင်ဆိုပြီးတော့မှ ပိတ်ထားတာမျိုးတွေတောင် တွေ့ခဲ့ရပါတယ်။ ဒီအန္တရာယ်ဆောင်ဆိုပြီး ပြုပြင်တည်ဆောက်ဖို့အတွက်၊ ထိန်းသိမ်းပြုပြင်ဖို့အတွက်ကို ဘဏ္ဍာငွေ တောင်းခံနေတာလည်း တွေ့ရပါတယ်။ နိုင်ငံ့ဘဏ္ဍာတွေဟာ မဆုံးရှုံးသင့်ဘဲနဲ့ နှစ်စဉ်ဆုံးရှုံးနေတာကို တွေ့ခဲ့ရပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလို တိုင်းပြည်ဘဏ္ဍာများ မဆုံးရှုံးစေချင်တဲ့ဆန္ဒနဲ့ အဆိုရှင်က ဒီအဆိုကို တင်တယ်လို့ လေ့လာခန့်မှန်းမိပါတယ်။ အဆိုရှင်ရဲ့ရည်ညွှန်းထားတဲ့ ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရမယ့် လုပ်ငန်းလမ်းညွှန်ဆိုတာ ရည်ရွယ်ချက်၊ ရည်မှန်းချက်၊ စံချိန်စံညွှန်း နှင့်ပတ်သက်သောရည်ရွယ်ချက်များ၊ ဥပဒေဆိုင်ရာပတ်သက်သောရည်ရွယ်ချက်များ တင်ဒါခေါ်ယူ ခြင်း၊ တင်ဒါအာမခံကြေးပေးသွင်းခြင်း၊ တင်ဒါကြေညာရာတွင် ပါဝင်ရမည့်အချက်များ၊ လိုက်နာ ကျင့်သုံးရမည့်အချက်များ၊ တင်ဒါစိစစ်ရွေးချယ်ခြင်း၊ အရည်အသွေးပြည့်မီမှုရှိ/မရှိ စစ်ဆေးခြင်း၊ နောက်ကျဒဏ်ကြေးပေးဆောင်ခြင်း၊ ငွေပေးချေမှုစနစ်၊ အပြစ်ပေးအရေးယူခြင်းစနစ်စတဲ့ ခေါင်းစဉ် တွေနဲ့ တိကျစွာလမ်းညွှန်ထားတာ တွေ့ရပါတယ်။ ဒီတင်ဒါနဲ့ဆောင်ရွက်တဲ့လုပ်ငန်းများကလည်း ဥပဒေ၊ နည်းဥပဒေတွေကို မပြဋ္ဌာန်းနိုင်သေးခင်မှာ တိတိကျကျလိုက်နာဆောင်ရွက်ဖို့ ရည်ညွှန်း ထားတာ တွေ့ရပါတယ်ခင်ဗျား။ သို့မှသာ အဂတိတရားကင်းသောလူ့အဖွဲ့အစည်းဖြစ်ပေါ်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုတွေဖြစ်လာမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ပြောရရင် ပြည်သူက ရွေးချယ် တင်မြှောက်ထားတဲ့ ပြည်သူ့အစိုးလက်ထက်မှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံကနေ ဆောင်ရွက်တဲ့နေရာမှာ ဒီတင်ဒါလုပ်ငန်းတွေကလည်း အရေးပါတဲ့ကဏ္ဍတစ်ရပ် အဖြစ် ဖြစ်နေပါတယ်။ နိုင်ငံတော်ရဲ့ဘဏ္ဍာရန်ပုံငွေဆိုတာ ပြည်သူ့ဘဏ္ဍာများသာဖြစ်ပါတယ်။ ပြည်သူ့ ဘဏ္ဍာတွေနဲ့ နိုင်ငံတော်ဖွံ့ဖြိုးရေးတွေမှာ ဆောင်ရွက်နိုင်ဖို့အတွက် လုပ်ငန်းများနဲ့ လုပ်ဆောင်တဲ့

နေရာမှာ ပြည်သူတွေ အမှန်တကယ်အကျိုးရှိဖို့ လိုပါတယ်။ ဒီတင်ဒါလုပ်ငန်းတွေကနေ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးရှိနိုင်ဖို့ ပြည်သူ့ဘဏ္ဍာတွေ မဆုံးရှုံးသင့်ဘဲနဲ့ဆုံးရှုံးမှုတွေမဖြစ်ပေါ်စေဖို့အတွက် ပျဉ်းမနားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင် တင်သွင်းတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရေးဆွဲထုတ်ပြန်ထားသောကန်ထရိုက်စနစ်နဲ့ လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာရတဲ့လုပ်ငန်းလမ်းညွှန်အား ပြည်ထောင်စုဝန်ကြီးဌာနအားလုံး၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့အားလုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့အားလုံး လိုက်နာကျင့်သုံးကြပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုအား လေးလေးနက်နက်ထောက်ခံကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးသန်းစိုးအောင် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃) အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးသန်းစိုးအောင် တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးသန်းစိုးအောင်၊ ပျဉ်းမနားမဲဆန္ဒနယ်က တင်သွင်းတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရေးဆွဲထုတ်ပြန်ထားသော ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာရမည့်လုပ်ငန်းလမ်းညွှန်များအား ပြည်ထောင်စုဝန်ကြီးဌာနအားလုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့အားလုံး လိုက်နာကျင့်သုံးကြပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးသန်းစိုးအောင်၊ ပျဉ်းမနားမဲဆန္ဒနယ်က တင်သွင်းသောအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၄-၂-၂၀၁၇ ရက် (သောကြာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၁၂း၁၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**

**ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၃) ရက် မြောက်နေ့ (၂၃.၂.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ကိုယ်စားလှယ်များနှင့် ဝန်ကြီးများ**


ဦးဇော်အေးနိုင် (ဒဲ့ဦးမြို့နယ်(တောင်ပိုင်း) မဲဆန္ဒနယ်)


ဦးဦးထွန်းမောင် (ပုဏ္ဏားကျွန်း မဲဆန္ဒနယ်)


ဦးတင်ကိုကိုဦး (ဘီးလင်း မဲဆန္ဒနယ်)


ဦးအောင်ကျော်ကျော်ဦး (လှိုင် မဲဆန္ဒနယ်)


ဦးကျော်မင်း (လက်ပံတန်း မဲဆန္ဒနယ်)


ဦးစိုင်းဝေါင်းဆိုင်ဟိန်း (မောက်မယ် မဲဆန္ဒနယ်)


ဒေါက်တာသန်းဝင်း (မြောက်ဥက္ကလာပ မဲဆန္ဒနယ်)


ဦးမိုးရွှေ (ပူတာအို မဲဆန္ဒနယ်)


ဦးဝင်းခိုင် (ဆောက်လုပ်ရေး ဝန်ကြီး)

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်